**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေ့ရောညဥ့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကို သိကုန်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၃)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
၂၀၂၆ ခုနှစ်၊ မေ ၂၁ ရက်၊ အင်္ဂါနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## အစိုးရအဖွဲ့အနေဖြင့် ယနေ့မှစ၍ ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များအား ထည့်သွင်းပြောကြား





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ ရုံးတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍသည် အရေးကြီး**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် မိမိတို့အစိုးရအဖွဲ့၏ ပထမဆုံးအစည်းအဝေးဖြစ်ပြီး ၅ နှစ်တာကာလအတွက် လုပ်ဆောင်ရန်လိုအပ်သည်များကို ပြောကြားလိုကြောင်း၊ အဓိကအားဖြင့် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့်အချိန်တွင် မီဒီယာများ၏မေးမြန်းမှုအပေါ် မိမိအနေဖြင့် ပြန်လည်ဖြေကြားရာ၌ **တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကိုအလေးထား၍ ဦးစားပေးဆောင်ရွက်သွားမည်**ဟု ပြောကြားခဲ့ကြောင်း၊ အလားတူ ပြည်သူများအား မှာကြားလိုသည်ကို မေးမြန်းခဲ့ရာ မိမိအနေဖြင့် **တိုင်းပြည် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေကြရန်နှင့် အလုပ်လုပ်ကြရန်တိုက်တွန်းလို**ပါသည်ဟု ပြန်လည်ဖြေကြားခဲ့ကြောင်း။

တိုင်းပြည်တည်ငြိမ်အေးချမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်ဆိုသည့်အချက်အပေါ်မူတည်၍ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတိုင်းရှိ ပြည်သူပြည်သားများအနေဖြင့် ၎င်းတို့၏အကျိုးကို

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

**ဆောင်းပါး**

**နိုင်ငံတော်နှင့်ပြည်သူ လက်တွဲညီညီ ရှေ့သို့ချီ**

စာ - ၁၃ သို့

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်တွင်းထုတ်ဒီဇယ်ဆီများအား တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် လုပ်ငန်းခွင်အရောက် ဆက်လက်ရောင်းချပေးလျက်ရှိ**

စာ - ၂၆ သို့

**ပေါက်ခေါင်းမြို့နယ်၌ နှမ်းစပါး ၁၁၈၇၃ ကေဖြင့် လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ခဲ့**

စာ - ၉ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဧပြီ ၂၁ ရက်)

# နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သမားရိုးကျလုပ်ကိုင်နေသည့်အဆင့်မှ အဆင့်မြင့်နည်းပညာအသုံးပြုသည့် စက်မှုလယ်ယာလုပ်ငန်းဆီသို့ ကူးပြောင်းနိုင်ရေးကြိုးပမ်းလျက်ရှိသည်။ ထိုသို့ကူးပြောင်းနိုင်မှသာ ကျေးလက်ဒေသများသည်လည်း ပိုမိုဖွံ့ဖြိုးလာပေမည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် နိုင်ငံအတွက် ပဓာနကျသည့်လုပ်ငန်းဖြစ်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို နိုင်ငံတော်အစိုးရအနေဖြင့် အားပေးမြှင့်တင်နေခြင်းဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရန်အတွက် အဓိကကျသည့် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်အခြေခံလိုအပ်ချက်များကိုဖြည့်ဆည်းမြှင့်တင်ပြီး သိပ္ပံနည်းကျစိုက်ပျိုးရေးနှင့်စက်မှုလယ်ယာစိုက်ပျိုးရေးစနစ်သို့ကူးပြောင်းနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်သည်။ မိရိုးဖလာစိုက်ပျိုးရေးမှ စနစ်တကျစိုက်ပျိုးရေး၊ စက်မှုလယ်ယာစိုက်ပျိုးရေးသို့ကူးပြောင်းမှသာ ပြည်တွင်းလိုအပ်ချက်ကို မြှင့်တင်ပေးနိုင်ပြီး ပြည်ပသို့ပိုမိုတင်ပို့နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားတိုးပွားလာမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဧပြီလ ၁၀ ရက်က နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများအား တွေ့ဆုံမှာကြားသည့်မိန့်ခွန်းတွင် **“စားရေရိက္ခာအတွက် အဓိကကျတဲ့ဆန်စပါးကို လယ်မြေအားလုံးမှာ ပန်းတိုင်အထွက်နှုန်းရရှိအောင်စိုက်ပျိုးကြဖို့လည်း လိုပါတယ်။ ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက တစ်ချိန်က ဒေသတွင်းမှာ ပြည်ပကိုဆန်စပါးတင်ပို့မှု မြင့်မားခဲ့တဲ့အခြေအနေကို ပြန်လည်ရောက်အောင် ကြိုးစားလုပ်ဆောင်ကြဖို့မှာချင်ပါတယ်။ ထို့အတူ မြန်မာ့ပေါ်ဆန်းတစ်ခေတ်ဆန်းရမည့်မျှော်မှန်းပြီး ကြိုးစားလုပ်ဆောင်သွားဖို့လည်း တိုက်တွန်းပါတယ်။ နောက်တစ်ချက်ကတော့ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်း၊ ပဲပုပ်၊ နေကြာစတာတွေကို တိုးချဲ့စိုက်ပျိုးသွားကြဖို့လိုပါတယ်”**ဟူ၍ လမ်းညွှန်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများစိုက်ပျိုးပြီး ပြည်တွင်းစားသုံးမှုလိုအပ်ချက်ပြည့်မီနိုင်သည့် အခြေအနေရှိသော်လည်း လက်တွေ့မှာ ပြည်ပကစားအုန်းဆီများကို နှစ်စဉ်နိုင်ငံခြားငွေများစွာသုံးစွဲပြီး ဝယ်ယူတင်သွင်းနေရသည့်အတွက် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးရန် နိုင်ငံတော်သမ္မတက လမ်းညွှန်ပြောကြားခြင်းဖြစ်သည်။ ဆီထွက်သီးနှံဖြစ်သည့် နှမ်း၊ နေကြာစိုက်ပျိုးရေးတွင် အထွက်နှုန်းတိုးရန် အထောက်အကူဖြစ်စေမည့် ဝတ်မှုန်ကူးသည့်ပျားမွေးမြူရေးကိုပါ ယှဉ်တွဲလုပ်ဆောင်မည်ဆိုပါက ဝတ်မှုန်ကူးကောင်းပြီး အထွက်နှုန်းတိုးစေမည်ဖြစ်သည်။ တစ်ဖက်မှာလည်း ပျားရည်ထုတ်လုပ်နိုင်ပြီး တောင်သူများအတွက် အကျိုးရှိစေမည်ဖြစ်၍ ပျားမွေးမြူရေးကို ပူးတွဲလုပ်ဆောင်ကြရန်ကိုလည်း တိုက်တွန်းခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် **“နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”**ဆိုသည့်ဆောင်ပုဒ်နှင့်အညီ စီးပွားရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးမွေးမြူရေးသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့်လုပ်ငန်းများဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုး/မွေးမြူရေးပညာရှင်များ၊ ကျွမ်းကျင်သူများမွေးထုတ်ကာ လက်တွေ့နယ်ပယ်တွင် ထိရောက်အောင်မြင်အောင် အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်ရေးစီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏စီမံခန့်ခွဲမှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့်သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ပေါင်းစပ်၍ နွေစပါးစိုက်ပျိုးသည့် တောင်သူများသွင်းအားစုဓာတ်မြေသြဇာများအရည်အသွေးမှန်ကန်စွာအသုံးပြုနိုင်စေရန်နှင့် ဈေးနှုန်းသက်သာစွာ အလွယ်တကူဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိရာ ဧပြီလ ၁၉ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တောင်သူများထံသို့ အထူးသက်သာသောနှုန်းဖြင့် ဓာတ်မြေသြဇာများ တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ထို့ပြင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ မကွေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်တွင်းထုတ်ဒီဇယ်ဆီများကို လုပ်ငန်းခွင်အရောက်တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခြင်းကို ဧပြီလ ၁၉ ရက်တွင်ပြုလုပ်ခဲ့သည်။ အဆိုပါရောင်းချမှုမှာ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့်ဆီထွက်သီးနှံထွန်ယက်စိုက်ပျိုးရန် ကျန်ရှိသည့်ကျေးရွာများသို့ လုပ်ငန်းခွင်အရောက်တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်သည်။

ဓာတ်မြေသြဇာနှင့်ဒီဇယ်ဆီများကို သက်သာသောဈေးနှုန်းဖြင့် လုပ်ငန်းခွင်အရောက်ရောင်းချပေးခြင်းအားဖြင့် တောင်သူများအဖို့ မိမိတို့လုပ်ငန်းများကို ပိုမိုအောင်မြင်စွာ လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ပြည်သူများ၏အခက်အခဲမှန်သမျှကို နိုင်ငံတော်အစိုးရက ဖြေရှင်းပေးနေသကဲ့သို့ ပြည်သူများကလည်း မိမိတို့၏လုပ်ငန်းများပိုမိုတိုးတက်အောင် လုပ်ဆောင်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရသစ်၏ဦးဆောင်မှုနှင့်အတူ နိုင်ငံ့စီးပွားမြင့်မားရေးအတွက် ကုန်ထုတ်လုပ်မှုကို ပိုမိုမြင့်မားအောင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ရွှေဘိုမြို့နယ်၌ နွေစပါးဧက ၅၀၀၀ ကျော်စိုက်ပျိုးပြီးစီး

ရွှေဘို ဧပြီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးချိန်တွင် နွေစပါးဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်၌ နွေသီးနှံစိုက်ပျိုးချိန်တွင် နွေစပါး ၃၅၉၃၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၅၁၅၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“ရွှေဘိုမြို့နယ်မှာ နွေစပါးကို လျာထားချက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် နွေစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးပါတယ်”ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

ရွှေဘိုမြို့နယ်၌ နွေစပါးသီးနှံစိုက်ပျိုးတောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့်ပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခြင်း လိုအပ်သည့်သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

တောင်သူလယ်သမားကြီးများအနေဖြင့် မိုးစပါးနှင့်မိုးသီးနှံရိတ်သိမ်းအပြီး နွေစပါးနှင့်အခြားသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာညွှန်ကြားချက်များ၊ မြေဆီလွှာအာဟာရဖြည့်တင်းရေးဆိုင်ရာ လုပ်ငန်းများနှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ကြိုတင်စုဆောင်းရေးဆိုင်ရာလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကြိုတင်ပြင်ဆင်ထားကြရန် နှိုးဆော်ထားကြောင်းသိရသည်။

(၄၀၉)

## ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ သောက်သုံးရေသုံးစွဲနေမှု ကွင်းဆင်းစစ်ဆေး

ဖာပွန် ဧပြီ ၂၀

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ ကျေးရွာနေပြည်သူများ သောက်သုံးရေသုံးစွဲနေမှုအခြေအနေများနှင့် စက်ရေတွင်းများကြွံခိုင်မှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ဧပြီလ ၂၀ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ကမမောင်းကျေးရွာ၌ စက်ရေတွင်းများကြွံခိုင်မှုရှိ/မရှိနှင့် သောက်သုံးရေသုံးစွဲနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့အောင် ကျေးရွာမှ ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်မှာကြားသည်။

ကမမောင်းကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိစေရန်အတွက် အကျယ် ၆ ပေ၊ အနက်ပေ ၄၀ လက်တူးတွင်းတစ်တွင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံအောက်ခန်းဖွဲ့ခြင်း၊ ၂ လက်မ PVC ပိုက်ပေ ၂၀၀၀ သွယ်တန်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၉၄ သန်းဖြင့် ဖာပွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သဖြင့် ကျေးရွာနေပြည်သူများ သောက်သုံးရေများ ဖူလုံစွာသုံးစွဲလျက်ရှိကြောင်း သိရသည်။

ကိုသက်

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၄-၂၀၂၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၅ | တရားတော် |
| ၂။ | ၀၆:၅၀ | ဓမ္မပူဇာတေး |
| ၃။ | ၀၇:၀၅ | နယ်ပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၄။ | ၀၇:၁၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၀၈:၅၀ | ၁၂ လရာသီမှတ်တမ်း |
| ၆။ | ၀၉:၂၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၇။ | ၀၉:၅၀ | တွေးမယ်ဖြေမယ် |
| ၈။ | ၁၀:၃၀ | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် |
| ၉။ | ၁၂:၁၅ | လေးစားအတုယူ စံနမူသူရဲကောင်းများ |
| ၁၀။ | ၁၂:၃၀ | မျှဝေဆွေးနွေး အနာဂတ်အရေး |
| ၁၁။ | ၁၃:၁၅ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၁၂။ | ၁၄:၃၀ | အဟောင်းထဲမှအကောင်းဆုံး တေးသီချင်းကဏ္ဍ |
| ၁၃။ | ၁၇:၂၅ | မှတ်သားလိုက်နာ ပုံပမာ |
| ၁၄။ | ၁၈:၃၀ | ယဉ်ကျေးမှုအမွေ မြန်မာစာပေ |
| ၁၅။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ထားဝယ်မြို့၌ မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း(Main Course)ဖွင့်ပွဲကျင်းပ



ထားဝယ် ဧပြီ ၂၀

မူလတန်းပြဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း (Main Course)ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများက ပညာရွှေခေတ်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် အရည်အသွေးပြည့်လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင်များစွာလိုအပ်ကြောင်း၊ အနာဂတ်နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် မျိုးဆက်သစ်လူငယ်များကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန်၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရန်နှင့် ဗလငါးတန်နှင့်ပြည့်ဝရန် နိုင်ငံတော်က ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ မူလတန်းအဆင့်တွင် အင်္ဂလိပ်စာသည် ကလေးတစ်ယောက်၏ အနာဂတ်ပညာရေးနှင့် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှုအတွက် အခြေခံအကျဆုံး၊ အရေးအကြီးဆုံးမဏ္ဍိုင်တစ်ခုဖြစ်ကြောင်း၊ မျက်မှောက်ခေတ်ပညာရေးစနစ်တွင် အင်္ဂလိပ်စာသည် ဘာသာရပ်တိုင်း၏သော့ချက်ဖြစ်ကြောင်း၊ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းများသည် ဆရာ၊ ဆရာမများအတွက် ပညာရေးအရည်အသွေးမြှင့်တင်ရာတွင် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးသောကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့သည် ပညာရေးလောက၌ တာဝန်ထမ်းဆောင်နေကြသူများဖြစ်သည်နှင့်အညီ မိမိတို့၏ဘာသာရပ်ဆိုင်ရာ နောက်ဆုံးပေါ်သုတေသနများ၊ စာအုပ်စာတမ်းများကို လေ့လာဖတ်ရှုနိုင်ရန်၊ သင်ကြားရေးနည်းစနစ်သစ်များကို အင်္ဂလိပ်ဘာသာဖြင့်လေ့လာပြီး ကျောင်းသား၊ ကျောင်းသူများကို ပိုမိုထိရောက်စွာ ပြန်လည်သင်ကြားပေးနိုင်ရန်၊ နိုင်ငံတကာတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့်အခါ ယုံကြည်မှုရှိရှိပြောဆိုနိုင်ရန် အင်္ဂလိပ်စာကျွမ်းကျင်မှုသည် အလွန်အရေးကြီးကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် နွေရာသီအားလပ်ရက်တွင် မိမိကိုယ်ကိုအရည်အသွေးမြှင့်တင်ရန် (Self-Development) အတွက် အချိန်ပေးပြီး အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းများ တက်ရောက်ကြသည်ကို များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ သင်တန်းမှရရှိလာမည့် အင်္ဂလိပ်စာအရည်အချင်းများကိုအသုံးချပြီး မိမိတို့၏ ပတ်ဝန်းကျင်နှင့် ကျောင်းသား၊ ကျောင်းသူများကို ပိုမိုကောင်းမွန်သော ပညာအလင်းရောင်များပေးဝေကြရန်လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းတွင် မူလတန်းပြ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၂၀၀ ဦးအား မေလ ၂၀ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လတ်(ပြန်/ဆက်)**

# အသက် ၈၀ နှစ်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့

ရန်ကုန် ဧပြီ ၂၀

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)မှကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ အသက် ၈၀ နှစ်အထက် မွန်တိုင်းရင်းသားသက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ဧပြီလ ၂၀ ရက်တွင် အမှတ်(၃)ရပ်ကွက်ရှိ မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ (ခေတ္တယာယီ) သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အသက် ၈၀ နှစ်အထက် မွန်တိုင်းရင်းသားသက်ကြီးဘိုးဘွားများအား ဩကာသကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီး သက်ကြီးဘိုးဘွားများကိုယ်စား နိုင်ဖိုးအောင်က မွန်တိုင်းရင်းသားကလေးငယ်များကို ဆုံးမဩဝါဒစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးနိုင်မြင့်သိန်းက အသက် ၈၀ နှစ်အထက် မွန်တိုင်းရင်းသားသက်ကြီးဘိုးဘွားများအား ကန်တော့ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အသက် ၈၀ နှစ်အထက် မွန်တိုင်းရင်းသားသက်ကြီးဘိုးဘွား ၁၄ ဦးအား မွန်တိုင်းရင်းသားကလေးငယ်များက ကန်တော့ခံပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန် ငါးမက်ထရစ်တန် သုံးသိန်းကျော်တင်ပို့နိုင်ခဲ့

ရန်ကုန် ဧပြီ ၂၀

ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန် ငါးမက်ထရစ်တန် သုံးသိန်းကျော်တင်ပို့နိုင်ခဲ့ကြောင်း လုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောဆိုချက်အရ သိရသည်။

"၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်ကနေ ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်အထိ တစ်နှစ်တာကာလအတွင်း ငါးမက်ထရစ်တန် ၃၂၆၃၂၀ ဒသမ ၆၁၈ တန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၄၀၄ ဒသမ ၀၁၂ သန်းရရှိခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန် ငါးတင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၁၅၀၀၀၇ ဒသမ ၆၄၇ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၄၈၂ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၁၇၆၃၁၂ ဒသမ ၉၇၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၆၃ ဒသမ ၅၃ သန်းရရှိသည့်အတွက် စုစုပေါင်းမက်ထရစ်တန် ၃၂၆၃၂၀ ဒသမ ၆၁၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၀၄ ဒသမ ၀၁၂ သန်း ရရှိခဲ့သည်။

မြန်မာနိုင်ငံမှ ငါးအပါအဝင် တခြားရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်မှုမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။

**စောယု**

# ပွင့်ဖြူမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲကေအားလုံးနုတ်သိမ်းပြီးစီး

ပွင့်ဖြူ ဧပြီ ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲကေအားလုံးနုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ကုလားပဲကေ ၆၂၁၂၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ဖေဖော်ဝါရီလက စတင်နုတ်သိမ်းခဲ့ရာ လက်ရှိတွင် ကေအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၀ ဒသမ ၅၈ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီက ပွင့်ဖြူမြို့နယ်မှာ ကုလားပဲကေ ၆၂၁၂၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီကုလားပဲစိုက်ခင်းတွေကို ဒီနှစ် ဖေဖော်ဝါရီလကစပြီး နုတ်သိမ်းခဲ့ရာ လက်ရှိမှာ ကေအားလုံးနုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နုတ်သိမ်းခြွေလှေ့တာနဲ့ပတ်သက်ပြီး သီးနှံအထွက်နှုန်းလျော့နည်းမှုမဖြစ်အောင် နုတ်သိမ်းပြီးတဲ့ကုလားပဲတွေကို အရည်အသွေးကောင်းမွန်အောင် စနစ်တကျထားသိုထိန်းသိမ်းကြဖို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသတွင်းရှိ ကုလားပဲစိုက်တောင်သူများကို စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များမှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် သီးနှံဝင်ငွေတိုးပွားကာ တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

မြဝတီ ကာတွန်း



# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

ညီလင်းသိပါသည်။ ညီလင်းမလိုက်လျှင်လည်း သူ့အတွက် ဘာမျှအရေးမကြီးပေ။ ပိုက်ဆံပေးလျှင် အငှားကားတွေ လိုလျှင်လိုချင်သလောက်ရလေသည်။ သို့သော်လည်း သူငယ်ချင်းအနေဖြင့်ပြောမိပြီးမှ အငြင်းခံလိုက်ရ၍ တစ်ရှူးထိုးဒေါပွသွားခြင်းဖြစ်လေသည်။

'စုစုပေါင်း တစ်နာရီလောက်ပဲကြာမှာပါကွာ၊ ငါးဆယ်ပေးမယ်၊ မင်းမရှုံးပါဘူး'

ညီလင်း၌ အရှုံးမရှိပေ။ အဖမ်းအဆီးရှိဦးတော့ အငှားကားမောင်းသူ၌ အပြစ်မရှိပေ။ အေးအေးဆေးဆေးနေလိုသောစိတ်လေးကြောင့်သာ ငြင်းလိုက်မိခြင်းဖြစ်သည်။ မခံမရပ်နိုင်ဖြစ်သွားသော တင်ထွန်းမောင်ကိုတွေ့သောအခါတွင်ကား အားနာစိတ်နှင့်မို့ စကားကိုပြင်ရတော့လေသည်။ ထိုအခါမှ တင်ထွန်းမောင်၏မျက်နှာသည်လည်း ကြည်သာရွှင်ပျလာတော့သည်။

'ငါ အရင်တစ်ပတ်က ပုသိမ်ဘက်သွားသေးတယ်၊ မင်းအစ်ကိုနဲ့တွေ့သေးတယ်'

'ကိုကို နေကောင်းလား'

'ကောင်းပ့ါကွာ၊ သူတို့စုံတွဲမြင်လိုက်ရင် တယ်ပြီးစိတ်ချမ်းသာတာပဲ၊ ငါတောင် မိန်းမယူချင်စိတ်ပေါက်လာတယ်၊ စပ်စုမကလည်း အရမ်းကိုစပ်စုနေပြီမောင်'

'တွေ့ချင်တယ်ဗျာ'

'သူတို့လည်း ရန်ကုန်ပြန်ပြောင်းရမလိုလိုပြောနေတာပဲ၊ ငါက သူ့ကို

'ဘာလဲ လမ်းဖောက်မပြီးလို့ ပြေးတာလား'ဆိုတော့ မင်းအစ်ကိုအင်ဂျင်နီယာကြီးက မခံချင်ဘူးကွ'

'ဘာလဲဗျ'

'တော်ကွာ ပုသိမ်နဲ့မုံရွာ ကားလမ်းဖောက်မလို့ဆိုပြီး ကမ်းနားမှာဆိုင်းဘုတ်ကြီးတင်ထားတာပဲ၊ 'ပုသိမ်-မုံရွာ-ရေဦးလမ်းမကြီး ဤနေရာတွင်စသည်'တဲ့လေ၊ ငါလည်း စောင့်တာပေ့ါကွာ၊ အဲဒီလမ်းကြီးပြီးသွားရင် မုံရွာဘက်ကပစ္စည်းတွေသယ်ပြီး ပုသိမ်ဆင်းလာရရင် ဇိမ်ပဲပေ့ါ၊ ဟား ဟား သူ့လမ်းကြီးက အစသာရှိတာ၊ ရွှေ့တက်လာတာမတွေ့ရဘူးကွ၊ ဒီပြင်မြို့တွေက ကြားဖြတ်ဖောက်နေလားတော့ ပြောတတ်သေးဘူးလေ၊ ဒါနဲ့ ငါလည်း စိတ်ပေါက်ပေါက်နဲ့ 'ပုသိမ်-မုံရွာ-ရေဦးလမ်းမကြီး ဤနေရာတွင်စ၍ ဤနေရာတွင်ဆုံးသည်'လို့ လူကြားထဲ အော်ဖတ်လိုက်တာ မင်းအစ်ကိုစိတ်ဆိုးသွားလို့မောင်ရ'

တင်ထွန်းမောင်က တဟားဟားရယ်နေသည်။ ညီလင်းညိုကလည်း လိုက်၍ရယ်မိလေသည်။ သူ ပုသိမ်သို့ တစ်ခါရောက်သွားစဉ်ကလည်း ထိုဆိုင်းဘုတ်ကြီးကို မြင်ခဲ့လေသည်။

'မင်းအစ်ကို အရွေးမှန်တယ်ကွ၊ သူတို့အိမ်ထောင်ရေးက တကယ်သာယာတယ်၊ အပေးအယူမျှတယ်၊ မမသက် တစ်ခါတလေ ညဂျူတီဆင်းရရင်လည်း မင်းအစ်ကိုက ကလေးကို ကျေကျေနပ်နပ်ထိန်းတာပဲ၊ အောင်မာ တစ်ခါတော့ ရန်ဖြစ်ကြတယ်မောင်၊ ဘာကြောင့်ထင်လဲ'

'ဘာကြောင့်လဲ'

'မင်းအစ်ကိုနဲ့ စုလှိုင်နဲ့ရပြီး သက်သက်ကသာ နွေသူရိန်နဲ့ရရင် စပ်စုမဟာ ဘယ်သူ့ကလေးဖြစ်မလဲဆိုတဲ့ပြဿနာနဲ့လေ'

'သေပါတော့ဗျာ'

ညီလင်းညိုသည် သူ့နဖူးကို သူရိုက်လိုက်မိသည်။ ချစ်ကြသူတို့သည် တစ်ခါတစ်ရံ ရူးကြောင်ကြောင်ဖြစ်ကုန်တတ်ကြသည်ဟုတွေးရင်း ပြုံးနေမိသည်။

> **"အပူမရှာလိုသော ညီလင်းညိုသည် စုလှိုင်နှင့် စိုင်းမင်းအောင်၏အကြောင်းတွေတွေးမိပြီး ရင်ထဲတွင် ပူ၍သွားလေသည်။ သူတို့တွေ တစ်ခုခုဖြစ်ခဲ့လျှင်လည်း ဘာမှမဖြစ်ခဲ့ပါဘူးဟုသာ ညာလိုက်ပါတော့ဟုပင် ဖွင့်ပြီး သင်ပေးလိုက်ချင်သည်။ နဂိုကတည်းက ထင်မိပြီးဖြစ်သော်လည်း စုလှိုင်၏နှုတ်မှဝန်ခံချက်ကို သူမကြားလိုခဲ့ပေ။ မကြားလိုဘဲနှင့် မေးမိသည်။ မေးမိပြန်တော့လည်း စုလှိုင်မိန်းမလှလေးက မကွယ်မထောက်ဘဲ ခေါင်းညိတ်ပြခဲ့လေသည်။ ဆိုင်လည်းမဆိုင်၊ ပိုင်လည်းမပိုင်သူဖြစ်သော်လည်း ထိုတဒင်္ဂအတွင်း ညီလင်း၏ရင်ထဲတွင် မကျေနပ်စိတ်များက လေပွေမုန်တိုင်းလို အုံကြွလာခဲ့လေသည်. . ."**

'သူတို့ရန်ဖြစ်တာကြည့်ရတာ ပျော်စရာတော့ကောင်းသားကွ၊ ငါတောင် မိန်းမယူပြီး အဲလိုရန်ဖြစ်ချင်စိတ်ပေါ်လာတယ်၊ မင်းရောမတွေ့သေးဘူးလား'

'ဘာတွေ့ရမှာလဲ'

'ရည်းစားလေး၊ အဆက်လေးလေကွာ'

'အပူမရှာပါရစေနဲ့ဗျာ'

အပူမရှာလိုသောညီလင်းညိုသည် စုလှိုင်နှင့် စိုင်းမင်းအောင်၏အကြောင်းတွေတွေးမိပြီး ရင်ထဲတွင် ပူ၍သွားလေသည်။ သူတို့တွေ တစ်ခုခုဖြစ်ခဲ့လျှင်လည်း ဘာမှမဖြစ်ခဲ့ပါဘူးဟုသာ ညာလိုက်ပါတော့ဟုပင် ဖွင့်ပြီး သင်ပေးလိုက်ချင်သည်။ နဂိုကတည်းက ထင်မိပြီးဖြစ်သော်လည်း စုလှိုင်၏နှုတ်မှဝန်ခံချက်ကို သူမကြားလိုခဲ့ပေ။ မကြားလိုဘဲနှင့် မေးမိသည်။ မေးမိပြန်တော့လည်း စုလှိုင်မိန်းမလှလေးက မကွယ်မထောက်ဘဲ ခေါင်းညိတ်ပြခဲ့လေသည်။ ဆိုင်လည်းမဆိုင်၊ ပိုင်လည်းမပိုင်သူဖြစ်သော်လည်း ထိုတဒင်္ဂအတွင်း ညီလင်း၏ရင်ထဲတွင် မကျေနပ်စိတ်များက လေပွေမုန်တိုင်းလို အုံကြွလာခဲ့လေသည်။

'ညီလင်းညို မျက်နှာကြီးက ညိုလိုက် မည်းလိုက်နဲ့ ဘာဖြစ်သွားတာလဲ'

တင်ထွန်းမောင်ကမေးသောအခါ ညီလင်းသည် ဟက်ခနဲရယ်သည်။ ထို့နောက် မျက်နှာကိုတည်လိုက်ကာ လေးနက်သောအသံဖြင့်ပြောလေသည်။

'ခင်ဗျားမသိလိုက်ဘူးလား၊ ကျွန်တော့်ရင်ထဲမှာ မုန်တိုင်းတိုက်သွားတာလေ'

'ဘာမုန်တိုင်းလဲ၊ ဆိုင်ကလုံးလား၊ ဟာရီကိန်းလား'

'အဲဒါတွေထက် ဆိုးတာပေ့ါ၊ အချစ်မုန်တိုင်းတဲ့'

■ ■ ■ ■ ■

အစဦးပိုင်းကတော့ မုန်တိုင်းကျလာလိမ့်မည်ဟု မထင်မှတ်မိပေ။ လေထန်ပြီး မိုးရွာရုံလောက်သာ ထင်မိလေသည်။ သို့သော် လေထန်သည်က တစ်စထက်တစ်စ ပိုပြီးပြင်းလာသောအခါ သက်သက်သည် ထိတ်လန့်လာလေသည်။

ယမန်နေ့က ညဂျူတီဆင်းထားရသောကြောင့် ယနေ့နေ့လယ်ပိုင်းတွင် အနားရသည်။ နံနက်ပိုင်းကမူ မိုးလေးတစိမ့်စိမ့်နှင့်မို့ အိပ်၍ကောင်းကောင်းနှင့် အိပ်ပျော်သွားသည်။ သက်သက်အိပ်ရာကနိုးသောအခါ မွန်းတည့် ၁၂ နာရီခန့်ရှိပေပြီ။ လေကကြမ်းနေပြီဖြစ်သည်။ စပ်စုမကလည်း ပုခက်ထဲတွင်အိပ်ပျော်နေကာ သူ၏အထိန်း မငွေမြသည် အိမ်အပြင်ဘက်သို့ စိုးရိမ်တကြီးကြည့်နေသည်။

'လေသိပ်ကြမ်းတာပဲ အစ်မ'

'အေးဟယ်၊ မိုးတွေလည်း ယိုကုန်ပြီရော၊ ခွက်တွေနဲ့ခံပါဦး၊ ကြမ်းတွေရွှဲလိမ့်မယ်'

'ကျွန်မ လူမှန်းသိကတည်းက ဒီလောက်လေကြမ်းတာ မကြုံဖူးသေးဘူး'

ပုသိမ်သူစစ်စစ် မငွေမြကပြောသည်။ မီးဖိုချောင်မှ ရှိသမျှခွက်တွေ၊ ပုံးတွေယူကာ မိုးရေခံရသည်။ သက်သက်တို့အိမ်ရှေ့မှ မန်ကျည်းပင်ကြီးသည် ယိမ်းထိုးလှုပ်ရှားနေသည်။ မန်ကျည်းရွက်၊ မန်ကျည်းကိုင်းများသည် ကျိုးပြတ်ပြီး အိမ်ထဲသို့ လေနှင့်အတူ လုံးထွေးပြီးဝင်လာလေသည်။

'ဟယ် အစ်မ အစ်မရေ သွပ်မိုးတွေလန်ကုန်ပြီ'

မငွေမြက အော်ပြောစဉ် အိမ်မိုးထားသောသွပ်ပြားများကွာတက်ပြီး လန်ကုန်သည်။ သွပ်မိုးပြားကြီးနှစ်ချပ်သည် သံမှိုကိုနှုတ်၍ချွတ်နေသလို တကျွီကျွီ တအိအိမြည်နေပြီးမှ ဝုန်းခနဲလန်ထွက်သွားသည်။ ပြင်းထန်လှသောလေက လေးလံလှသောသွပ်ပြားကြီးကို စက္ကူချပ်လေးကဲ့သို့ လွင့်ပါအောင် သယ်ဆောင်သွားသည်။ အိမ်ထဲသို့ မိုးရေများ ဒလဟောယိုစီးလာသောအခါ ပုခက်တွင်းမှ စပ်စုမလေးကလည်း ထိတ်လန့်တကြားဖြင့် စူးစူးဝါးဝါးအော်၍ငိုလေတော့သည်။

'ဟယ်၊ မုန်တိုင်းတိုက်နေပြီ ထင်ပါရဲ့၊ ကြမ်းလိုက်တာလွန်ရော'

သက်သက်သည် သမီးလေးကိုပြေး၍ပွေ့ယူလိုက်ရင်း အိမ်ပြိုကျမည်ကိုစိုးရိမ်လာသည်။ သူတို့နေသောအိမ်သည် သစ်သားအိမ်လေးမို့ အခြေမခိုင်လှချေ။ အိမ်ထဲတွင်လည်း မိုးရေများက တဖြုန်းဖြုန်းကျနေသည်။ မွေ့ရာများပေါ် ရေယိုလာသောအခါတွင်ကား သမီးကိုချပြီး မငွေမြနှင့်အတူ မွေ့ရာများကို မနိုင်မနင်းမကာ ရေလွတ်ရာသို့ ရွှေ့ရပြန်သည်။

'အစ်ကိုပြန်လာရင် ကောင်းမယ် အစ်မ'

'ဟယ်၊ မလာပါစေနဲ့၊ ဒီမိုး ဒီလေထဲပြန်လာရင် တော်ကြာသစ်ပင်တွေလဲတာနဲ့တိုးပြီး ပိနေရင်'

သက်သက်သည် လမ်းမဘက်သို့ စိုးရိမ်ပူပန်စွာကြည့်နေမိသည်။ အမိုးလန်သည်မှာ သူတို့တစ်အိမ်တည်းတော့ ဟုတ်ဟန်မတူပေ။ သွပ်ပြားများသည် စက္ကူချပ်ပေ့ါပေ့ါလေးကဲ့သို့ မိုးပေါ်တွင် လွင့်ပျံနေသည်။ တချို့လည်း မြေပေါ်တွင် ရုပ်တိုက်ပြီးပြေးနေကြသည်။ လေတိုက်သံက တဝုန်းဝုန်းနှင့်ဆူနေသည်။ မိုးကျသံက တဖြုန်းဖြုန်းနှင့်ညံနေသည်။ သစ်ကိုင်းအကျိုးအပြတ်များကလည်း မိုးရေထဲတွင် လုံးထွေးနေလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## မော်လမြိုင်ကျွန်းမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

မော်လမြိုင်ကျွန်း ဧပြီ ၂၀

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများအား ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ဧပြီလ ၂၀ ရက်က မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၁၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မော်လမြိုင်ကျွန်းမြို့နယ်ဦးစီးအရာရှိ၏ကြီးကြပ်မှုဖြင့် တိုက်နယ်မှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ကျေးရွာစာရေးများက မြေပြင်ကွင်းဆင်း၍ အသက် ၁၀ နှစ်ပြည့်၊ ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်အသစ်ပြုလုပ်လိုသည့် ကျောင်းသား၊ ကျောင်းသူများအား လိုအပ်သောအချက်အလက်၊ အထောက်အထားများ ဖြည့်စွက်ကာ စိစစ်ထုတ်ပေးပြီး ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်နေမှုများကို မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မော်လမြိုင်ကျွန်းမြို့နယ်ဦးစီးအရာရှိ ဦးရဲကျော်တို့ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)



# ဥပဒေအရာရှိအဆင့် - ၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ်(၁/၂၀၂၆)တွင် သရုပ်ပြတရားရုံး (Mock Court) ပို့ချနေမှုအား ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ကြည့်ရှုစစ်ဆေး





နေပြည်တော် ဧပြီ ၂၀

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ဥပဒေရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း (Legal Advocacy Center)၌ဖွင့်လှစ်လျက်ရှိသော ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ်(၁/၂၀၂၆) တွင် သရုပ်ပြတရားရုံး(Mock Court)ပို့ချနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံသားတိုင်း ဥပဒေ၏အကာအကွယ်ကို အညီအမျှရရှိစေရန်၊ မှားယွင်းပြီး အပြစ်စီရင်ခြင်းမခံရစေရန်၊ ပြစ်မှုနှင့်ပြစ်ဒဏ် မျှတပြီး တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် စီရင်နိုင်စေရန်၊ တရားရုံးများ ဖြောင့်မတ်မှန်ကန်စေရေး ဦးစားပေးဖော်ဆောင်သွားမည်ဖြစ်ကြောင်း လမ်းညွှန်ချက်နှင့်အညီ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ရွေးချယ်ခန့်ထားပြီးသော အစမ်းခန့် ဥပဒေအရာရှိအသစ်များကို လုပ်ငန်းခွင်ဝင်သင်တန်းများပေးခြင်းကို ပြည်ထောင်စုရှေ့နေချုပ် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပို့ချပေးလျက်ရှိကြောင်း၊ ယခုလုပ်ငန်းခွင်ဝင်သင်တန်းတွင် သရုပ်ပြတရားရုံး(Mock Court) လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ဥပဒေအရာရှိများ၏ လုပ်ငန်းတာဝန်များအား ကောင်းမွန်စွာဆောင်ရွက်နိုင်ရန်၊ မျိုးဆက်သစ် ဥပဒေအရာရှိများအား တရားခွင်နှင့်ရင်းနှီးကျွမ်းဝင်စေရန်၊ အတွေ့အကြုံရှိသော ဥပဒေအရာရှိများက မျိုးဆက်သစ်ဥပဒေအရာရှိများကို ဥပဒေဆိုင်ရာအသိပညာများ လက်ဆင့်ကမ်းဖြန့်ဝေပေးသကဲ့သို့ နောင်တွင်မျိုးဆက်သစ်ဥပဒေအရာရှိများကိုယ်တိုင် ဥပဒေအသိပညာများအား လက်ဆင့်ကမ်းဖြန့်ဝေခြင်းဖြင့် နိုင်ငံသားတိုင်းဥပဒေ၏အကာအကွယ် အညီအမျှရရှိစေရေး ပိုမိုထိရောက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းကို မတ်လ ၆ ရက်မှ ဧပြီလ၂၉ ရက်အထိ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်းသိရသည်။

မြဝတီ

## နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပေါ် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း ထပ်ဆင့်ရှင်းလင်း



နေပြည်တော် ဧပြီ ၂၀

လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပေါ် ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့်အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းထဲမှ လူငယ်ကဏ္ဍနှင့်ပတ်သက်ပြီး ကောက်နုတ်တင်ပြရာတွင် မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရန်အတွက် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ လူ့စွမ်းအားအရင်းအမြစ်များ အများအပြားလိုအပ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေနိုင်သည့်လူငယ်များ အများအပြားရှိကြောင်း၊ လူငယ်များဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာအဆင့်မီပညာရေးရရှိပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မဏ္ဍိုင်ထားရမည်ဖြစ်၍ ပညာရည်မြင့်မားအောင် ပညာရေးကဏ္ဍကို ဝိုင်းဝန်းမြှင့်တင်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ပညာနိမ့်သူများ၊ ပညာမဲ့သူများ၊ အသိပညာနိမ့်ကျသူများနှင့် နိုင်ငံကိုတည်ဆောက်၍ မရနိုင်ကြောင်း၊ လူငယ်များသည် နိုင်ငံ၏ အနာဂတ်၊ နိုင်ငံ၏အင်အား၊ နိုင်ငံကိုတည်ဆောက်မည့်သူများဖြစ်၍ လူငယ်ကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ဗလငါးတန်နှင့်ပြည့်ဝပြီး အရည်အသွေးမြင့်မားသည့် လူငယ်များပေါ်ထွက်လာစေရန် မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ လုပ်ဆောင်နိုင်သည့်စွမ်းအားများဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ပျော်ရွှင်စွာ အလုပ်လုပ်ရင်း ဆက်လက်ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က မြန်မာနှစ်သစ်ကူးအခါသမယတွင် နှစ်သစ်ကူးအလှူအဖြစ် ဘုရားဆင်းတုတော်နှင့် ဘုရားကျောင်းဆောင် ၅၀ တို့ကို အရာထမ်း၊ အမှုထမ်းများအား ဘုရားမဲဖောက်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ

## ဝန်ထမ်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း တွေ့ဆုံမှာကြား

နေပြည်တော် ဧပြီ ၂၀

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းသည် ယနေ့မွန်းလွဲပိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ အရာထမ်းများနှင့်အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက အဂတိလိုက်စားမှုသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင်အဓိကအဟန့်အတားဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏မိန့်ခွန်း၌လည်း အဂတိလိုက်စားမှုကင်းရှင်းအောင် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ အကျင့်စာရိတ္တနှင့် စိတ်ဓာတ်ကိုလည်း ပျက်စီးစေခြင်းဖြစ်သည့်အတွက် အကျင့်ပျက်ခြစားမှုများလာခြင်းမျိုးမဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း အလေးအနက်ထား တိုက်တွန်းမှာကြားခဲ့ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့်တကွ ကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်နေကြသည့်ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် တစ်ဦးချင်းက မိတ်ဆက်စကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြဝတီ





| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆˚c | / | ၃၈˚c |
| ရန်ကုန် | ၂၅˚c | / | ၄၀˚c |
| မန္တလေး | ၂၉˚c | / | ၄၂˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

### ၂၀-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# ဟင်္သာတမြို့နယ်၌ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်

ဟင်္သာတ ဧပြီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့ရှိ ဟင်္သာတတက္ကသိုလ် ပင်မလေးထပ်ဆောင် ဘက်စုံသုံးခန်းမ၌ အခြေခံပညာမူလတန်းပြ ဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲကို ဧပြီလ ၂၀ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနား၌ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုသင်တန်းသည် ပညာရေးဝန်ကြီးဌာန၏ အထူးဖွင့်လှစ်သောပညာရေးတွင် အခြေခံအကျဆုံးဖြစ်သည့် မူလတန်းအဆင့် အင်္ဂလိပ်စာအရည်အသွေးပြည့်ဝစွာရရှိစေရေး အရေး၊ အဖတ်၊ အပြောနှင့် နားထောင်မှုအရည်အသွေးများ ပိုင်နိုင်စေရန်၊ သင်ကြားပို့ချပေးသူ ဆရာ၊ ဆရာမများ သင်ကြားမှုစွမ်းရည်မြင့်မားစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဟင်္သာတတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခိုင်ခိုင်စန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်ကြားပေးမည့် အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဟင်္သာတခရိုင်ပညာရေးမှူး ဒေါ်စန်းယုမော်က သင်တန်းကာလနှင့် သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို ပြောကြားသည်။

အဆိုပါသင်တန်းကို ဟင်္သာတတက္ကသိုလ် အင်္ဂလိပ်စာဌာနမှ တွဲဖက်ပါမောက္ခဒေါ်ခင်ပပစိုး ဦးဆောင်၍ နည်းပြဆရာ၊ ဆရာမ ၁၆ ဦးဖြင့် သင်ကြားပို့ချပေးလျက်ရှိပြီး ဟင်္သာတမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းပြ အင်္ဂလိပ်စာသင်ကြားလျက်ရှိသော သင်တန်းသားဆရာ၊ ဆရာမ စုစုပေါင်း ၁၀၀ ဦးအား ဧပြီလ ၂၀ ရက်မှ မေလ ၂၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း သင်ကြားပို့ချပေးလျက်ရှိသည်။

အခမ်းအနားသို့ ဟင်္သာတတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခိုင်ခိုင်စန်းနှင့် တာဝန်ရှိသူများ၊ ဟင်္သာတခရိုင်ပညာရေးမှူး ဒေါ်စန်းယုမော်၊ ဟင်္သာတမြို့နယ်ပညာရေးမှူး ဦးထင်အောင်ကျော်နှင့် ဟင်္သာတမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းပြ အင်္ဂလိပ်စာသင်ကြားလျက်ရှိသော ဆရာ၊ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ့

# မြန်အောင်မြို့နယ်၌ ရှေးဦးသူနာပြုစုခြင်း(အခြေခံအဆင့်) သင်တန်းများ ဖွင့်လှစ်ပို့ချ



မြန်အောင် ဧပြီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကြက်ခြေနီအသင်းခွဲမှ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများအား ရှေးဦးသူနာပြုစုခြင်း(အခြေခံအဆင့်) သင်တန်းများကို ဧပြီလ ၂၀ ရက်တွင် မြန်အောင်မြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း (နေခြည်)၌ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

အခမ်းအနားတွင် မြန်အောင်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်ပြုံးမြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ရှေးဦးပြုစုခြင်း(အခြေခံအဆင့်)သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါသင်တန်းကို ကျောင်းသား၊ ကျောင်းသူများ ရုတ်တရက်ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များကို ကူညီနိုင်ရန်၊ ကြက်ခြေနီစိတ်ဓာတ်ရှိလာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ကြက်ခြေနီအကြောင်း သိကောင်းစရာများ၊ ရှေးဦးသူနာပြုစုခြင်း အခြေခံသဘောတရားများနှင့် သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကို သင်ကြားပို့ချပေးကြောင်း သိရသည်။

ရှေးဦးသူနာပြုစုခြင်း (အခြေခံအဆင့်) သင်တန်းများကို မြန်အောင်မြို့နယ်၌ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (နေခြည်)၊ အခြေခံပညာအလယ်တန်းကျောင်း (လက်ပံရုပ်)၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ရေနံ့မြေ)၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း (မြန်အောင်) တို့၌ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဝင်းမိုလ်(မြန်အောင်)

# အုတ်တွင်းမြို့နယ်၌ အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးကွင်းဆင်းဆောင်ရွက်

အုတ်တွင်း ဧပြီ ၂၀


ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် စာပေဖတ်ရှုသည့်အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် အပူဒဏ်အန္တရာယ်ကင်းဝေးစေရန်ရည်ရွယ်၍ အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းကို ဧပြီလ ၂၀ ရက်တွင် ပဲခူးလမ်းရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မမှုဝင်းက အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာရမည့်အချက်များ၊ အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ၊ သတိပြုရမည့်အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများနှင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း စသည့်အကြောင်းအရာများကို အသိပညာပေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား သုံးဘီးမော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ပြသပေးခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

# မိုးလေဝသ သတင်း




# ညောင်ဦးမြို့နယ်ထွက် ဖီးကြမ်းငှက်ပျောများ အရောင်းသွက်နေသဖြင့် စိုက်ပျိုးသူများပြားလာ



ညောင်ဦး ဧပြီ ၂၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စု ကျေးရွာများမှစိုက်ပျိုးထားသော ဖီးကြမ်းငှက်ပျောများ အရောင်းသွက်နေသဖြင့် စိုက်ပျိုးသူများပြားလာကြောင်း လက်ပံခြေပေါ်ကျေးရွာ ဖီးကြမ်းငှက်ပျောစိုက်တောင်သူများ၏ ပြောဆိုချက်အရ သိရသည်။

ဖီးကြမ်းငှက်ပျော စိုက်ပျိုးခြင်းကို ငှါသရောက်မြစ်ရေတင်ဖြင့်လည်းကောင်း၊ လက်ပံခြေပေါ် မြစ်ရေတင်ဖြင့်လည်းကောင်း စိုက်ပျိုးကြကာ အောင်မြင်ဖြစ်ထွန်းနေကြောင်း၊ ထို့ပြင် ဖီးကြမ်းငှက်ပျောခုတ်ချိန်တွင် အရောင်းသွက်နေခြင်းကြောင့် ငှက်ပျောစိုက်တောင်သူများ အဆင်ပြေနေကြောင်း သိရသည်။

ဖီးကြမ်းငှက်ပျောစိုက်ပျိုးခြင်းကို ဝါဆို၊ ဝါခေါင်လတို့တွင် စတင်စိုက်ပျိုးကြကာ စိုက်ပျိုးပြီး ၁၀ လ၊ ၁၁ လအကြာတွင် ငှက်ပျောစတင်ပေါ်ကာ ခုတ်သိမ်းရောင်းချကြကြောင်း၊ ငှက်ပျောတစ်ခိုင်လုံးဈေးကို ငှက်ပျောဖီးအရေအတွက်ပေါ် မူတည်၍ ဈေးနှုန်းသတ်မှတ်ရောင်းချကြကြောင်း သိရသည်။

ထို့ပြင် လေးနှစ်အထိ တစ်ပင်ပြီးတစ်ပင် သားတက်ယူကာ ငှက်ပျောခြံကို ပြုပြင်စိုက်ပျိုးကြောင်း၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ မြင်းခြံ၊ ပခုက္ကူမြို့တို့မှ ငှက်ပျောပွဲစားများက ငှက်ပျောခြံများအထိ လာရောက်ဝယ်ယူကြကြောင်း သိရသည်။

ဒီပါလင်း

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မြန်မာမှုကမ္ပည်းဆိုင်းဘုတ်တော်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဝင်မုခ်ဦးဖွင့်ပွဲကျင်းပ



ရန်ကုန် ဧပြီ ၂၀

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်အား ဦးထိပ်ပန်ဆင်၍ အလှူ့ရှင်မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးနီနီ(ခ)ဦးတင်စိန်+သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်ရီမိသားစုမှ ဆောက်လုပ်လှူဒါန်းသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မြန်မာမှုကမ္ပည်းဆိုင်းဘုတ်တော်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဝင်မုခ်ဦးဖွင့်ပွဲအလှူမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် မိုးကုတ်ဆွမ်းစားဆောင်ရှေ့၌ ကျင်းပသည်။

အဆိုပါမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ကုမာရအမှူးပြုသောသံဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးငွေးအောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တို့မှ တာဝန်ရှိသူများ၊ အလှူ့ရှင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အလှူ့ရှင်နှင့် တာဝန်ရှိသူတို့က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဝင်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မုခ်ဦးအလှူတော်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို မိုးကုတ်ဆွမ်းစားဆောင်၌ ဆက်လက်ကျင်းပရာ နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ကြသည်။

ယင်းနောက် ပရိသတ်အပေါင်းက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များအား နာယူကြည်ညိုကြသည်။ ၎င်းနောက် ဆရာတော်ကြီးများအား အလှူ့ရှင်နှင့်တာဝန်ရှိသူတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်ချအနုမောဒနာတရားနာကြားကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။ **နေကိုထိုက်**

# (၂၀-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | **အမေရိကန်ဒေါ်လာ** | **တရုတ်ယွမ်** | **ထိုင်းဘတ်** | **အိန္ဒိယရူပီး** |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃.၂ ~ ၃၆၆၆ | ၅၅၇.၅ ~ ၅၅၈.၂ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၈၃၇,၀၂၄.၅၉ | ၂,၂၆၀,၀၉၆.၂၁ | ၁၆,၈၂၀,၇၇၈.၄၈ | |
| ဗဟိုဘဏ်မှဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | ၃,၈၆၁,၅၂၉.၃၈ | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် စားသုံးကုန်စည်များတင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂.၄၈ သန်းကိုလည်းကောင်း၊ ဗဟိုဘဏ်မှ စက်မှုကုန်ကြမ်းကဏ္ဍ၊ ကားအပိုပစ္စည်းကဏ္ဍ၊ လယ်ယာသုံးပစ္စည်းကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍတို့သို့ ထိုင်းဘတ် ၃.၈၆ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

# ကျွန်းလှမြို့နယ်၌ မိုးမျှော်ငရုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျွန်းလှ ဧပြီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံကို ချောင်းရေ၊ မြေအောက်ရေတင်ပြီး စိုက်ပျိုးလျက်ရှိရာ ယခုနှစ် နွေရာသီတွင် စိုက်ပျိုးသောမိုးမျှော်ငရုတ်စိုက်ခင်းများ ယခုအချိန်တွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှသိရသည်။

“ကျွန်တော်ချောင်းရေတင်ပြီး မိုးမျှော်ငရုတ်နှစ်စဉ်စိုက်ပျိုးပါတယ်။ ဒီနှစ်နွေရာသီမှာ မိုးမျှော်ငရုတ်အပင် ၂၅၀ စိုက်ပျိုးရာ မျိုးဖိုး၊ ထွန်ယက်ခ၊ မြေဩဇာဖိုး၊ ရေတင်ခနဲ့လုပ်အားခအပါဝင် ငွေကျပ်နှစ်သိန်းကျော်ကုန်ကျပါတယ်။ အခုအခါ အသီးအပွင့်တွေနဲ့ အောင်မြင်ဖြစ်ထွန်းနေပါတယ်”ဟု ရှမ်းစုကျေးရွာ ငရုတ်စိုက်တောင်သူ ဦးဖိုးအေးကပြောသည်။

ကျွန်းလှမြို့နယ်၌ မိုးမျှော်ငရုတ်နှင့် ကုလားအော်ငရုတ်စိုက်ပျိုးရန်၊ အောင်မြင်ဖြစ်ထွန်းပြီး သီးနှံအထွက်နှုန်းကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေးအသိပညာပေးလုပ်ငန်းကို တာဝန်ရှိသူများနှင့်ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# အာရှဖလားယူ-၁၇ ပြိုင်ပွဲမတိုင်မီ မြန်မာယူ-၁၇ အမျိုးသမီးအသင်းတရုတ်၊ ဖိလစ်ပိုင်အသင်းတို့နှင့် ခြေစမ်းပွဲများကစားရန်စီစဉ်

ရန်ကုန် ဧပြီ ၂၀

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၆ အာရှယူ-၁၇ အမျိုးသမီးပြိုင်ပွဲ (2026 AFC U–17 Women's Asian Cup)တွင်ပါဝင်ယှဉ်ပြိုင်မည့် မြန်မာယူ-၁၇ အမျိုးသမီးအသင်းသည်အာရှဖလား ယူ-၁၇ ပြိုင်ပွဲမတိုင်မီ တရုတ်အမျိုးသမီး ယူ-၁၇ အသင်း၊ ဖိလစ်ပိုင်ယူ-၁၇ အမျိုးသမီးအသင်းတို့နှင့် ခြေစမ်းပွဲများကစားရန် စီစဉ်ထားကြောင်း သိရသည်။

မြန်မာယူ-၁၇ အမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ နောက်ဆုံးအဆင့်ပြင်ဆင်မှုများပြုလုပ်ရန် ဧပြီလ ၁၈ ရက်က တရုတ်နိုင်ငံသို့ထွက်ခွာသွားပြီး လက်ရှိတွင် တရုတ်နိုင်ငံ Suzhou မြို့၌ ပုံမှန်လေ့ကျင့်ခန်းများ ပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အသင်းအဆင်ပြေမှုရှိစေရန်နှင့် ပြိုင်ပွဲကျင်းပရာ တရုတ်နိုင်ငံ၏ရာသီဥတုနှင့်ကွင်းအနေအထားကို အသားကျစေရန်အတွက် ပြိုင်ပွဲမစတင်မီ ၁၀ ရက်ကျော်ကြိုတင်သွားရောက်လေ့ကျင့်နိုင်ရန် စီစဉ်ပေးခဲ့ခြင်းဖြစ်ပြီး ဂျပန်လူမျိုး နည်းပြချုပ် Ms. Kumiko Tashiro ဦးဆောင်သည့် မြန်မာယူ-၁၇ အမျိုးသမီးအသင်းတွင် အပြီးသတ်ရွေးချယ်ထားသည့် ကစားသမား ၂၃ ဦး လိုက်ပါသွားသည်။

မြန်မာယူ-၁၇ အမျိုးသမီးအသင်းသည် အုပ်စု(က)တွင် အိမ်ရှင်တရုတ်၊ ထိုင်း၊ ဗီယက်နမ်တို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး မေလ ၁ ရက် ည ၆ နာရီတွင် Suzhou Sports Centre ၌ အိမ်ရှင်တရုတ်အသင်းနှင့်လည်းကောင်း၊ မေလ ၄ ရက် မွန်းလွဲ ၂ နာရီတွင် Suzhou Taihu Centre ၌ ထိုင်းအသင်းနှင့်လည်းကောင်း၊ မေလ ၇ ရက် ည ၆ နာရီတွင် Suzhou Taihu Centre ၌ ဗီယက်နမ်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ အုပ်စု(ခ)တွင် ဂျပန်၊ ဩစတြေးလျ၊ အိန္ဒိယနှင့် လက်ဘနွန်၊ အုပ်စု(ဂ)တွင် မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်နှင့် တရုတ်(တိုင်ပေ)အသင်းတို့ပါဝင်ကြသည်။ အဆိုပါ အာရှယူ-၁၇ အမျိုးသမီးပြိုင်ပွဲတွင် အုပ်စုသုံးစုခွဲ၍ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အုပ်စုတစ်ခုချင်းစီမှ ထိပ်ဆုံးနှစ်သင်းအပြင် အကောင်းဆုံးအုပ်စုတတိယရရှိသည့် နှစ်သင်းပါ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ **ဝန်းရံခ**



# နန်းဖော့အွာသဲသောင်ပြင်သင်္ကြန်အား လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိ

ဘားအံ ဧပြီ ၂၀

ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ဘားအံမြို့ရှိ နန်းဖော့အွာသဲသောင်ပြင်၌ ပထမဆုံးအကြိမ် သင်္ကြန်ပွဲကို ဧပြီလ ၇ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိရာ လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ သဲသောင်ပြင်သင်္ကြန်ကို ကရင်ပြည်နယ်၏ သဘာဝအလှတရားများကို ထင်ဟပ်ပေါ်လွင်စေသော ကရင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့များ၊ အစားအသောက်များနှင့် ဩဇ္ဇဝတ်ကျေပွန်မှုများကို ထင်ဟပ်ပေါ်လွင်စေသော ရည်ရွယ်ချက်များဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ဒေသခံများနှင့်အဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဧရိယာ ၁၀ ဧကခန့်ရှိသော နန်းဖော့အွာသဲသောင်ပြင်သင်္ကြန်၌ ကရင်အနုပညာရှင်များနှင့် ဒေသခံတေးသံရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များ၊ ရေကစားမဏ္ဍပ်များ၊ သနပ်ခါးသင်္ကြန်မဏ္ဍပ်များ၊ ဩဇ္ဇခံကျွေးမွေးရေးစတုဒိသာမဏ္ဍပ်၊ ဒေသထွက်ကုန်နှင့် အစားအစာများရောင်းချသော ဈေးဆိုင်ခန်းများ၊ ကစားကွင်းများဖြင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ လာရောက်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ခရမ်းသီးမှပေးသော ကျန်းမာရေးအကျိုးကျေးဇူးများ



လူတိုင်းနီးပါး ကြိုက်နှစ်သက်သော ခရမ်းသီးကို မီးဖုတ်၍ဖြစ်စေ၊ အစိမ်းလိုက်ဖြစ်စေ၊ ဟင်းချက်၍ဖြစ်စေ၊ သုပ်၍ဖြစ်စေ စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် ကောင်းကျိုးများစွာရရှိနိုင်မည်ဖြစ်သည်။ Solanaceae မျိုးရင်းဝင် ခရမ်းသီး၏ အင်္ဂလိပ်အမည်မှာ Egg Plant; Brinjal ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Solanum melongena ဖြစ်သည်။

**ခရမ်းသီးအမျိုးအစား**

ခရမ်းသီးသည် သက်ကြီးပင်ထောင် ခရမ်းမျိုး၊ တစ်ဝက်ပြန့်ခရမ်းမျိုးနှင့် သက်လျင်မျိုးပင်ပြန့်ခရမ်းမျိုးဟူ၍ အုပ်စုသုံးစုခွဲခြားထားသည်။ မြန်မာနိုင်ငံ၌ ခရမ်းသီးကို အကြမ်းအားဖြင့် သုံးမျိုးခွဲခြား၍ စိုက်ပျိုးလေ့ရှိရာ ခရမ်းသီးအရှည်မျိုးကို ဆင်စွယ်ခရမ်းဟုခေါ်ပြီး အလျားရှည်၍ ခရမ်းရောင်၊ အစိမ်းရောင်ရှိသည်။ ခရမ်းသီးအလုံးမျိုးတွင် လုံးဝိုင်းသောသဏ္ဍာန်ရှိ၍ ခရမ်း၊ အစိမ်းနှင့် အဖြူရောင်ရှိသည်။ ခရမ်းသီးလုံးရှည်မျိုးတွင် ထောပတ်ခရမ်းကို စိုက်ပျိုးလေ့ရှိသည်။

**ခရမ်းသီးစားသုံးမှုပုံစံ**

ခရမ်းသီးကို ခရမ်းသီးနှပ်၊ ခရမ်းသီးသုပ်၊ ခရမ်းသီးအစာသွတ်၊ ခရမ်းသီးကြော်နှင့်တို့စရာပြုလုပ်၍ ပုံစံအမျိုးမျိုးစားလေ့ရှိကြသည်။ ခရမ်းသီးမီးဖုတ်သုပ်သည် မြန်မာလူမျိုးတို့၏ အနှစ်သက်ဆုံးအစားအစာတစ်ခုတွင်ပါဝင်သည်။ ယခုအခါ အကင်ဆိုင်များ၊ မြန်မာ့ရိုးရာထမင်းဆိုင်များနှင့်ဟိုတယ်များတွင်လည်း ခရမ်းသီးဖြင့်ချက်ပြုတ်သော ဟင်းအမယ်မျိုးစုံကနေရာယူလာကြသည်။ ခရမ်းသီးနှင့်အသားဟင်းကို တွဲဖက်ချက်ပြုတ်ခြင်းအပြင် ဟင်းချိုများ၊ သီးစုံဟင်းများတွင်လည်း ခရမ်းသီးသည်မပါမဖြစ်ပါဝင်သည်။ ထို့ပြင် ခရမ်းသီးကိုအခြောက်လှန်း၍ ရာသီမရွေး ချက်ပြုတ်စားသုံးနိုင်အောင်လည်း ပြုပြင်ထားကြသည်။ ထို့ကြောင့် ခရမ်းသီးသည် မြန်မာ့ကျေးလက်နှင့် မြို့ပြတို့၏စားဖိုဆောင်၌ အရေးပါနေခြင်းဖြစ်သည်။

**ခရမ်းသီးတွင်ပါဝင်သော အာဟာရများ**

ခရမ်းသီးတွင် ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း၊ ဗီတာမင်များနှင့် သတ္တုဓာတ်များစွာပါဝင်သည်။ အထူးသဖြင့် အပင်ထွက်အာဟာရဓာတ်များ၊ သံဓာတ်၊ မဂ္ဂနီဆီယမ်နှင့် ဗီတာမင်- K တို့ ကြွယ်ဝစွာပါဝင်သည်။

**သွေးကြောလုပ်ဆောင်ချက် ကောင်းမွန်စေသောခရမ်းသီး**

ခရမ်းသီးတွင် အပင်ထွက်အာဟာရဓာတ်များဟုခေါ်သော နှလုံးကိုကာကွယ်ပေးသည့် ဒြပ်ပေါင်းတစ်မျိုးပါဝင်ခြင်းကြောင့် ရောင်ရမ်းမှုကိုလျှော့ကျစေပြီး သွေးကြောလုပ်ဆောင်ချက်ကို ကောင်းမွန်စေနိုင်သည်။

**အခွံပါစားသင့်ပြီး ဦးနှောက်ကို ကာကွယ်ပေးသောခရမ်းသီး**

ခရမ်းသီး၏အခွံတွင်ပါသော Nasunin ခေါ် ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးကြောင့် ခရမ်းရောင်ဖြစ်နေပြီး Nasunin သည် ဦးနှောက်ထဲတွင် အဆီဓာတ်များထိခိုက်မှုမရှိအောင် ကာကွယ်ပေးထားကာ ဦးနှောက်ဆဲလ်အမြှေးထဲတွင် တွေ့ရှိရသောကြောင့် ခရမ်းသီးကို အခွံမခွာဘဲစားသင့်သည်။ ဦးနှောက်ဆဲလ်အမြှေးများအတွင်းတွေ့ရသည့် အဆီများက အာဟာရဓာတ်များကို စုပ်ယူပေးခြင်းကြောင့် ခရမ်းသီးကိုချက်မည်ဆိုလျှင် အခွံမခွာပစ်ရန်လိုအပ်သည်။

**အစာအိမ်နှင့်အူလမ်းကြောင်း ကျန်းမာစေသောခရမ်းသီး**

ခရမ်းသီးတွင် အမျှင်ဓာတ်ပါဝင်ခြင်းကြောင့် အစာအိမ်နှင့်အူလမ်းကြောင်းကိုကျန်းမာစေနိုင်သည်။

**နှလုံးကျန်းမာရေးကို ကောင်းမွန်စေသောခရမ်းသီး**

ခရမ်းသီးတွင် နှလုံးကျန်းမာရေးကို အထောက်အကူဖြစ်စေသည့် အမျှင်ဓာတ်၊ ပိုတက်ဆီယမ်၊ ဗီတာမင်-C၊ ဗီတာမင်-B6 တို့ကြွယ်ဝစွာပါဝင်ပြီး Flavonoids ဓာတ်တိုးဆန့်ကျင်ပစ္စည်းပါဝင်မှုကြောင့် သွေးကြောကျဉ်းရောဂါဖြစ်ပွားမှုကို လျှော့ချပေးနိုင်သည်။ နှလုံးကျန်းမာရေးအတွက် ကိုလက်စထရောပမာဏနှင့် သွေးဖိအားကိုမှန်ကန်သည့်အဆင့်တွင် ထိန်းထားနိုင်ခြင်းမရှိပါက ဆိုးရွားသည့်နှလုံးရောဂါအခြေအနေများ ဖြစ်နိုင်ခြေပိုများစေသည်။ ခရမ်းသီးတွင် ကျန်းမာရေးအတွက် အကျိုးပြုသော အပင်ထွက်အာဟာရဓာတ်များစွာပါဝင်ခြင်းကြောင့် အဓိကအားဖြင့် နှလုံးကိုကာကွယ်ပေးခြင်း၊ ရောင်ရမ်းမှုကိုလျှော့ကျစေခြင်းနှင့် သွေးကြောလုပ်ဆောင်ချက်များ ကောင်းမွန်စေခြင်းတို့အတွက် အထောက်အကူပေးနိုင်သည်။ ခရမ်းသီးတွင် ကိုလက်စထရောပါဝင်မှုပမာဏနည်းသောကြောင့် နှလုံးသွေးကြောပိတ်ဆို့မှုဖြစ်စေနိုင်သည့် အဆီချေးများဖြစ်မလာရန် ကာကွယ်ပေးနိုင်သည့်အပြင် ခရမ်းသီးကို နေ့စဉ်ပုံမှန်စားသုံးခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှုကို ၃၄ ရာခိုင်နှုန်းခန့် လျှော့ချနိုင်မည်ဖြစ်သည်။

**သွေးတွင်းကိုလက်စထရောပမာဏ ကိုလျှော့ချပေးသောခရမ်းသီး**

လေ့လာတွေ့ရှိချက်များအရ ခရမ်းသီးကို နေ့စဉ်ပုံမှန်စားသုံးပေးခြင်းဖြင့် သွေးတွင်းကိုလက်စထရောပမာဏကို လျှော့ချပေးနိုင်သည့်အပြင် ကိုယ်အလေးချိန်ကိုလည်း ထိန်းညှိပေးနိုင်သည်။

**ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးသောခရမ်းသီး**

ခရမ်းသီးတွင်ပါဝင်သည့် ပိုလီဖီနော ဒြပ်ပေါင်းအနေဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုကိုကာကွယ်ပေးနိုင်သည်။ ထို့ပြင် ခရမ်းသီးတွင် ကင်ဆာရောဂါ၊ ဗိုင်းရပ်စ်နှင့်ရောင်ရမ်းမှုများကို တိုက်ဖျက်ပေးသည့် အစွမ်းထက်ဒြပ်ပေါင်း Anthocyanin နှင့် Chlorogenic Acid ဓာတ်တို့ပါဝင်သောကြောင့် ခန္ဓာကိုယ်အတွင်း ကင်ဆာကျိတ်များပြန့်ပွားမှုကို ကာကွယ်ပေးနိုင်သည်။

**မှတ်ဉာဏ်ချို့ယွင်းမှုကိုကာကွယ် ပေးသောခရမ်းသီး**

ခရမ်းသီးတွင် Anthocyanin အက်စစ်ဓာတ်ပါဝင်မှုကြောင့် မှတ်ဉာဏ်စွမ်းအားကိုမြှင့်တင်ပေးနိုင်ပြီး ဦးနှောက်ဆဲလ်များပျက်စီးမှုကိုကာကွယ်ပေးနိုင်သဖြင့် ခရမ်းသီးကို နေ့စဉ်ပုံမှန်စားသုံးပေးသင့်သည်။ ထို့ပြင် ခရမ်းသီးကို နေ့စဉ်ပုံမှန်စားသုံးပေးခြင်းဖြင့် အာရုံကြောများရောင်ရမ်းခြင်းကိုလည်း ကာကွယ်နိုင်မည်ဖြစ်သည်။

**ကိုယ်အလေးချိန်ကို ထိန်းညှိပေးသောခရမ်းသီး**

ခရမ်းသီးတွင် အဆီဓာတ်မပါရှိဘဲ အမျှင်ဓာတ် ကြွယ်ဝစွာပါဝင်သည့်အပြင် ကယ်လိုရီပါဝင်မှု နည်းပါးသောကြောင့် မကြာခဏ အစာစားချင်စိတ်ကို ဖြစ်ပေါ်စေမည်မဟုတ်ဘဲ ကိုယ်အလေးချိန်မြင့်တက်မှုကို ကာကွယ်ပေးနိုင်ပြီး အဆီကျကျစ်လျစ်စေနိုင်သည်။ ခရမ်းသီးအစိမ်း ၁၀၀ ဂရမ်တွင် ၂၄ ကယ်လိုရီသာပါရှိသောကြောင့် ကိုယ်အလေးချိန်လျှော့ချလိုသူများအနေဖြင့် ခရမ်းသီးစားပေးရန်လိုအပ်သည်။

**အသည်းကျန်းမာရေး ကောင်းမွန်စေသောခရမ်းသီး**

ခရမ်းသီးတွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် ဒြပ်ပေါင်းများက အသည်းရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်သည်။

**အမျိုးအစား -၂ ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ပေးသောခရမ်းသီး**

ခရမ်းသီးတွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်ပြီး ပျော်ဝင်လွယ်သည့် ကာဗိုဟိုက်ဒရိတ်ဒြပ်ပေါင်းများ ပါဝင်မှုနည်းပါးသောကြောင့် ဆီးချိုရောဂါခံစားနေရသူများအနေဖြင့် နေ့စဉ်ပုံမှန်စားသုံးပေးသင့်သည်။ ခရမ်းသီးတွင် ဂလူးကို့စ်စုပ်ယူမှုကိုထိန်းချုပ်ပေးသော ဒြပ်ပေါင်းများဖြစ်သည့် Alpha-Glucosidase နှင့် Angiotensin ဒြပ်ပေါင်းများပါဝင်မှုမြင့်မားသည့်အတွက် သွေးတွင်းသကြားဓာတ် မြင့်တက်မှုကို ထိန်းညှိပေးနိုင်သောကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်နိုင်ပြီး ထိန်းချုပ်ပေးနိုင်သည်။ ခရမ်းသီးတွင်ပါဝင်သည့် Phenols ဓာတ်ကြောင့်လည်း အင်ဆူလင်က ကာဗိုဟိုက်ဒရိတ်များကို ဖြိုခွဲမှုနှေးကွေးစေပြီး သွေးတွင်းသကြားဓာတ်ကို ထိန်းချုပ်နိုင်သည်။

**အရိုးများကိုကြံ့ခိုင်သန်စွမ်းစေသော ခရမ်းသီး**

ခရမ်းသီးတွင် အရိုးကျန်းမာရေးကို မြှင့်တင်ပေးနိုင်ပြီး ကယ်လ်စီယမ်ကို ထိရောက်စွာအသုံးပြုနိုင်ရန် အထောက်အကူပြုပေးသည့် Phytonutrients၊ သံဓာတ်၊ မဂ္ဂနီဆီယမ်နှင့် ဗီတာမင်- K တို့ကြွယ်ဝစွာပါဝင်သောကြောင့် နေ့စဉ်ပုံမှန်စားသုံးပေးခြင်းဖြင့် အရိုးများကို ကြံ့ခိုင်သန်စွမ်းစေသည်။ အရိုးပွရောဂါဖြစ်လာနိုင်သည့် အန္တရာယ်ရှိနေသူများအနေဖြင့်လည်း ခရမ်းသီးကို မကြာခဏစားပေးရန်လိုသည်။

**သံဓာတ်လွန်ကဲမှုကိုလျှော့ချပေး သောခရမ်းသီး**

ခရမ်းသီးတွင်ပါဝင်သည့် Nasunin သည် ခန္ဓာကိုယ်စနစ်ထဲမှ ပိုလျှံနေသည့် သံဓာတ်ပမာဏကိုလျှော့ချပေးနိုင်သည်။ သံဓာတ်လွန်ကဲသည့်အခါ ရုတ်တရက်နှလုံးခေတ္တရပ်ခြင်း၊ ကင်ဆာတို့နှင့်ဆက်နွှယ်စေပြီး Free Radical ထွက်ရှိမှုကို တိုးစေနိုင်သည်။ အထူးသဖြင့် သွေးဆုံးခါနီးအမျိုးသမီးများတွင် သံဓာတ်လွန်ကဲမှုပိုဖြစ်စေနိုင်သည်။

**အသားအရေလှပစေသောခရမ်းသီး**

ခရမ်းသီးတွင် ဗီတာမင် -C နှင့် ဗီတာမင်-E ကြွယ်ဝသောကြောင့် နေရောင်ခြည်တွင်ပါဝင်သည့် ခရမ်းလွန်ရောင်ခြည်ဒဏ်ကိုကာကွယ်ပေးပြီး အရေးအကြောင်းများ၊ အမည်းစက်များအပြင် အိုမင်းရင့်ရော်မှုလက္ခဏာများကို နှေးကွေးစေသည်။ Nasunin သည် ဝက်ခြံနှင့် Psoriasis ကဲ့သို့ ဆဲလ်အမြှေးပါးများထိခိုက်ရောင်ရမ်းမှုအခြေအနေများမဖြစ်ရန်ကာကွယ်သည့် Free Radical တားဆီးရေးပစ္စည်းအဖြစ် လုပ်ဆောင်ပေးသည်။ ခရမ်းသီးတွင် အသားအရေလှပစေရန် လိုအပ်သည့် Niacin၊ Folate နှင့် Manganese ဓာတ်တို့ကိုလည်း တွေ့ရသည်။

**စိတ်ကျရောဂါလက္ခဏာများကို သက်သာစေသောခရမ်းသီး**

ခန္ဓာကိုယ်တွင် Serotonin ဟုခေါ်သည့် ဒြပ်ပေါင်းတစ်မျိုးချို့တဲ့သည့်အခါ စိတ်ကျဝေဒနာနှင့် စိုးရိမ်ပူပန်မှုကိုဖြစ်စေနိုင်သည်။ ခရမ်းသီးတွင် Serotonin အတွက်အရေးပါသည် Scopoletin ဓာတ်တစ်မျိုးပါဝင်သောကြောင့် စိတ်ကျရောဂါကိုသက်သာစေသည်။

**သတိပြုသင့်သည့်ခရမ်းသီး**

ခရမ်းသီးသည် လူတိုင်းနှင့်တည့်သော်လည်း လေပွစေနိုင်ခြင်းကြောင့် အလွန်အကျွံမစားမိရန်လိုအပ်သည်။ ခရမ်းသီးကို ကြော်စားပါက ဆီစုပ်သည်ကို သတိပြုသင့်သည်။

ခရမ်းသီးတွင် ဗီတာမင်များ၊ အာဟာရဓာတ်များနှင့်အမျှင်ဓာတ်များ ကြွယ်ဝစွာပါဝင်ပြီး နှလုံး၊ ဦးနှောက်၊ အရေပြားနှင့် အရိုးကိုအကျိုးပြုသည့်အပြင် အစာခြေစနစ်ကိုကောင်းမွန်စေပြီး အမျိုးအစား-၂ ဆီးချိုရောဂါကိုပါ ထိန်းနိုင်သည့်အစွမ်းရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဒေါက်တာလပြည့်ခင်**

**"ခရမ်းသီးတွင် ကျန်းမာရေးအတွက်အကျိုးပြုသော အပင်ထွက်အာဟာရဓာတ်များစွာပါဝင်ခြင်းကြောင့် အဓိကအားဖြင့် နှလုံးကိုကာကွယ်ပေးခြင်း၊ ရောင်ရမ်းမှုကိုလျှော့ကျစေခြင်းနှင့် သွေးကြောလုပ်ဆောင်ချက်များကောင်းမွန်စေခြင်းတို့အတွက် အထောက်အကူပေးနိုင်သည်။ ခရမ်းသီးတွင် ကိုလက်စထရောပါဝင်မှုပမာဏနည်းသောကြောင့် နှလုံးသွေးကြောပိတ်ဆို့မှုဖြစ်စေနိုင်သည့် အဆီချေးများဖြစ်မလာရန် ကာကွယ်ပေးနိုင်သည့်အပြင် ခရမ်းသီးကို နေ့စဉ်ပုံမှန်စားသုံးခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှုကို ၃၄ ရာခိုင်နှုန်းခန့် လျှော့ချနိုင်မည်ဖြစ်သည်..."**

# အသက် ၈၀ နှစ်နှင့်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပ



ကမမောင်း မေ ၂၀

ကရင်ပြည်နယ် ကမမောင်းမြို့ အာလောကာရာမဘုန်းတော်ကြီးကျောင်း၌ ဧပြီလ ၁၉ ရက် ညနေပိုင်းတွင် သက်ကြီးမိဘ၊ ဘိုးဘွား၊ ဆရာသမားအပေါင်းတို့အား ပူဇော်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အာလောကာရာမကျောင်း ဆရာတော်ထံမှ တက်ရောက်လာသော ဘိုးဘွားများနှင့် ဧည့်ပရိသတ် အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ကမမောင်းမြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဦးက ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းပြီး တတ်ရောက်လာသောဧည့်ပရိသတ်များက မိဘ၊ ဘိုးဘွား၊ ဆရာသမားအပေါင်းတို့အား လှူဖွယ်ပစ္စည်းများ လှူဒါန်းပူဇော်ကာ ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြသည်။

အဆိုပါအခမ်းအနားတွင် ကမမောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပူဇော်ခံအဘိုး၊ အဘွားများ တက်ရောက်ကြပြီး မြို့ပေါ်ရပ်ကွက်များမှ အသက် ၈၀ နှစ်နှင့်အထက် အဘိုး၊ အဘွား ၈၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ နှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သည့် အဘိုး၊ အဘွားများအား အိမ်တိုင်ရာရောက်သွားရောက် ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**ကမမောင်း(ပြန်/ဆက်)**

# မှန်တောကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း / တံတားနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

နေပြည်တော် မေ ၂၀

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မှန်တောကျေးရွာရှိ တောင်သူများ၏ လယ်ယာကေများမှထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာသယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဧပြီလ ၂၀ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးတင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် မှန်တောကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းအရှည်ပေ ၁၆၀၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုနှင့် အဆိုပါလမ်းပေါ်တွင် ရေကျော်တံတားတစ်စင်း၊ Slab Culvert တံတား နှစ်စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ခရိုင်ဦးစီးမှူးက ကျေးရွာရှိကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ရန်ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း /တံတား ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၈၁ ဒသမ ၃၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သော်ဇင်ထူး**

# ပေါက်ခေါင်းမြို့နယ်၌ နွေစပါး ၁၁၈၇၃ ကေဖြင့် လျာထားချက် ပြည့်မီစွာစိုက်ပျိုးနိုင်ခဲ့



ပေါက်ခေါင်း မေ ၂၀

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ယခုနှစ်နွေစပါးစိုက်ပျိုးရာသီတွင်နွေစပါး ၁၁၈၇၃ ကေစိုက်ပျိုးပြီးစီး၍ အောင်မြင်ဖြစ်ထွန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပေါက်ခေါင်းမြို့နယ်၌ ယခုနှစ် နွေစပါးကို ၁၁၈၇၃ ကေ စိုက်ပျိုးရန်လျာထားလျက်ရှိရာ ယခုအခါ လျာထားချက်ပြည့်မီကျော်လွန်စွာ စိုက်ပျိုးပြီးစီးပြီးဖြစ်၍ အောင်မြင်စွာဖြစ်ထွန်းနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများက စနစ်တကျ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဒေသခံတောင်သူများအနေဖြင့်လည်း နွေစပါးကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် သွင်းအားစုများပံ့ပိုးပေးခြင်း၊ စိုက်ပျိုးရေရရှိရန်နှင့် စနစ်တကျအသုံးပြုတတ်စေရန် ကြီးကြပ်ဆောင်ရွက်ပေးခြင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စနစ်တကျ ကူညီပံ့ပိုးပေးလျက်ရှိကြောင်းသိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

# ချိန်တန်ပြီ

✤ အမှားတွေ ချေ
အဖြေကို ထုတ်
ပြန်ပေါင်းထုပ်ချိန် တန်ပါပြီ။

✤ အပျက်ကို ပြင်
အမြင်ကို ပြောင်း
ကောင်းအောင်လုပ်ချိန် တန်ပါပြီ။

✤ အမှန်ကို ဖွေ
အခြေကို မြှင့်
အမြင့်တက်ချိန် တန်ပါပြီ။

✤ အို... ချစ်ဆွေငဲ့...
သကြိန်ရေသည်၊ အေးမြကြည်သို့
ပြည်သူခပ်သိမ်း၊ သောကငြိမ်းသည့်
"စိမ်းလန်းသာယာ ပြည်မြန်မာ"ကြီး
ရှေ့ခရီးကို
အသီးတစ်ရာ၊ အညှာတစ်ခု
ပြည်ထောင်စုပုံ၊ ပြီးပြည့်စုံအောင်
ယုံကြည်လေးနက်၊ ခံယူချက်ဖြင့်
လက်တွဲလုပ်ချိန် တန်ပါပြီ။
ပြည်သူများက မျှော်လင့်သည်။
နှစ်သစ်ဆုမွန် တောင်းပါသည်။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

## MWD Variety Channel

၂၁-၄-၂၀၂၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၄၀ | စကားလက်ဆုံ |
| ၂။ | ၁၁:၃၅ | ဖတ်ပါ မှတ်ပါ လေ့လာပါ |
| ၃။ | ၁၆:၂၀ | ဥပဒေမှတ်စု |
| ၄။ | ၂၁:၃၅ | ကျန်းမာသောဘဝ |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၁-၄-၂၀၂၆(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် | ၄။ | ၁၆:၀၀ | တပ်မတော် စာတိုက်ခန်း |
| ၂။ | ၁၁:၅၀ | လှပ ကျန်းမာ | ၅။ | ၁၇:၀၀ | ထင်ရှား ကျော်ကြား ပုဂ္ဂိုလ်များ |
| ၃။ | ၁၄:၅၀ | Speech On Air | ၆။ | ၂၁:၂၀ | Memory Box |

# ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများအတွက် သာမန်မြန်မာနိုင်ငံကူးလက်မှတ်များ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်ပေးမည်

ရန်ကုန် ဧပြီ ၂၀

ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများအတွက် သာမန်မြန်မာနိုင်ငံကူးလက်မှတ်များကို ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တိုကျိုမြို့ရှိ မြန်မာသံရုံးမှ သိရသည်။

ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ သာမန်မြန်မာနိုင်ငံကူးလက်မှတ်များ သက်တမ်းတိုးလျှောက်ထားမှုများအတွက် ဆောင်ရွက်ပေးလျက်ရှိသော မြန်မာသံရုံး၏ နိုင်ငံကူးလက်မှတ်စာအုပ် ထုတ်ပေးသည့်စက်တွင် ချို့ယွင်းမှုဖြစ်ပေါ်ခဲ့သဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်၍ ပြင်ဆင်ခဲ့ရာ ယခုအခါ အဆိုပါစက်မှာ ပြန်လည်ကောင်းမွန်ပြီး နိုင်ငံကူးလက်မှတ်စာအုပ်များ ထုတ်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ချို့ယွင်းစဉ်ကာလအတွင်း ထုတ်ပေးရန်ကျန်ရှိသည့် ပတ်စ်ပို့စာအုပ်များကို သတ်မှတ်ရက်အလိုက် လာရောက်ထုတ်ယူနိုင်မည်ဖြစ်သည်။

လာရောက်ထုတ်ယူရာတွင် လက်ခံရရှိထားသည့် ပြေစာမူရင်းနှင့်အတူ နိုင်ငံကူးလက်မှတ်များ လာရောက်ထုတ်ယူရမည်ဖြစ်ကြောင်း၊ သတ်မှတ်ရက်များအဖြစ် မတ်လ ၂၄ ရက်မှ ၂၆ ရက်အထိ မြန်မာသံရုံးသို့ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးရန် လူကိုယ်တိုင်လာရောက်ဆောင်ရွက်ထားသူများအနေဖြင့် ဧပြီလ ၂၁ ရက် မွန်းလွဲ ၁ နာရီမှ ၂ နာရီခွဲအတွင်းလည်းကောင်း၊ မတ်လ ၃၀ ရက်မှ ဧပြီလ ၃ ရက်အထိ လာရောက်လျှောက်ထားခဲ့သူများ၏ နိုင်ငံကူးလက်မှတ်များကို ဧပြီလ ၂၂ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီမှ ၂ နာရီခွဲအတွင်းလည်းကောင်း၊ ဧပြီလ ၆ ရက်မှ ၁၃ ရက်အထိ လာရောက်လျှောက်ထားခဲ့သူများ၏ နိုင်ငံကူးလက်မှတ်များကို ဧပြီလ ၂၃ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီမှ ၂ နာရီခွဲအတွင်းလည်းကောင်း အသီးသီးလာရောက်ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဧပြီလ ၂၇ ရက်မှစ၍ လာရောက်လျှောက်ထားသူများကို မူလသတ်မှတ်ထားသည့်အတိုင်း အလုပ်လုပ်ရက်သုံးရက်ယူ၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဖြူဖြူ

# မြင်းခြံမြို့၌ မူလတန်းပြ ဆရာ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်လှစ်



မြင်းခြံ ဧပြီ ၂၀

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ မူလတန်းပြ ဆရာ၊ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း (Main Course) ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၀ ရက်တွင် မြင်းခြံတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြင်းခြံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြင်းခြံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ မြင်းခြံခရိုင်ပညာရေးမှူး ဒေါ်ခင်နှင်းအေး၊ မြို့နယ်ပညာရေးမှူး ဒေါ်နီနီဝင်း၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ဧပြီလ ၂၀ ရက်မှ မေလ ၂၂ ရက်အထိ သင်တန်းနည်းပြ ငါးဦးဖြင့် သင်တန်းသား ဆရာ၊ ဆရာမ စုစုပေါင်း ၁၀၀ ဦးအား သင်တန်းပို့ချပေးလျက်ရှိကြောင်း သိရသည်။

ချစ်ဦးနွေ(မြင်းခြံ)

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန် မီးဘေးလုံခြုံရေး စဉ်ဆက်မပြတ်စစ်ဆေး

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(မြောက်ပိုင်း) မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို (၃၀) ရပ်ကွက် ဘုရင့်နောင်လမ်းရှိ ဒဂုံရွှေပြည်ဈေးနှင့် (၃၇) ရပ်ကွက် ပြည်ထောင်စုလမ်းရှိ HTOO စက်သုံးဆီအရောင်းဆိုင်တို့၌ ဧပြီလ ၁၉ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဈေးများအတွင်း မီးဘေးလုံခြုံရေးအတွက် ဈေးပိတ်ချိန်တွင် မီးဖိုသုံးစွဲထားရှိမှု၊ လျှပ်စစ်မီးခလုတ်များ ပိတ်ထားခဲ့မှု ရှိ/မရှိ၊ အပေါ့စားရေစုပ်စက်များ စက်နှိုးစမ်းသပ်ခြင်းနှင့် စက်သုံးဆီဆိုင်များအား မော်တော်ယာဉ်များ စက်သုံးဆီဖြည့်စဉ် သတ်မှတ်ထားသည့်စည်းကမ်းများအတိုင်း လိုက်နာမှု ရှိ/မရှိစစ်ဆေးခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းအောင်ဦးဆောင်၍ သန္နေ/အရန်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာနသည် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ပြည်သူများ မီးသတိပြုရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတိပေးဆော်ဩခြင်း၊ နှိုးဆော်ခြင်းနှင့် စစ်ဆေးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်မြင့်ရီ

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရားရင်ပြင်တော်ပေါ်၌ ဆွမ်း ဆီမီး ပန်း ရေချမ်းကပ်လှူခြင်းနှင့် သန့်ရှင်းရေးကုသိုလ်ပြုခြင်းတို့ဆောင်ရွက်

ညောင်ဦး ဧပြီ ၂၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ဖူးဘုရားရင်ပြင်တော်ပေါ်၌ ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သန့်ရှင်းရေးကုသိုလ်ပြုခြင်းနှင့် ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူခြင်း၊ စာချ၊ စာသင်တိုက်ကြီးများ၌ ဆွမ်းဆန်၊ ပဲဝါနှင့် ပဲဆီများ လှူဒါန်းခြင်းကို ဧပြီလ ၁၉ ရက်က ဆောင်ရွက်သည်။

ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီလာဟိန်းဦးဆောင်သော အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များသည် နှစ်ဦးကုသိုလ်အဖြစ် အေဒီ ၁၁ ရာစု ပျူစောထီးမင်းတည်ထားကိုးကွယ်ခဲ့သည့် ဖူးဘုရားရင်ပြင်တော်ပေါ်၌ စုပေါင်းသန့်ရှင်းရေးကုသိုလ်ပြုခြင်း၊ အာရုံခံတန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ရောင်တော်ဖွင့်ခြင်း၊ ဖူးဘုရားအား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူခြင်းတို့ ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ပြင် ကျန်စစ်သားဥမင်စာသင်တိုက်ကြီးအတွက် ဆွမ်းဆန်ခုနစ်အိတ်၊ ပဲဝါတစ်အိတ်၊ ပဲဆီ ၁၀ ပိဿာ၊ လောကနန္ဒာ စာသင်တိုက်ကြီးအတွက် ဆွမ်းဆန်ခုနစ်အိတ်၊ ပဲဝါနှစ်အိတ်၊ ပဲဆီသန့် ၁၀ ပိဿာနှင့် သာသနာ့ရောင်ခြည် သီလရှင်စာသင်တိုက်အတွက် ဆွမ်းဆန်ခုနစ်အိတ်၊ ပဲဝါတစ်အိတ်နှင့် ပဲဆီသန့် ၁၀ ပိဿာတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ဒီပါလင်း

# ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

ရေကြည် ဧပြီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဆီဆုံကုန်းကျေးရွာအုပ်စု ဆီဆုံကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧပြီလ ၁၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလိန်းကွီးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလိန်းကွီးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန်မှာကြားကာ ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆီဆုံကုန်းကျေးရွာ၌ လမ်းတစ်ဖက်စီ အရှည်ပေ ၅၀၀၊ အကျယ် ၂ ပေ ၆ လက်မ၊ ထု ၆ လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို စီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၇၄ သိန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၁၅ သိန်း စုစုပေါင်းငွေကျပ် ၈၉ သိန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် မတ်လ ၂၁ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ဇင်မာ

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့်အညီ ကော်မရှင်၏လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိရာတွင် ကော်မရှင်၏ဆောင်ရွက်ချက်များကို အများပြည်သူသိရှိနိုင်ကြစေရန်အတွက် ၂၀၁၁ ခုနှစ်မှစတင်၍ နှစ်ပတ်လည်အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် အစီရင်ခံစာကို မြန်မာဘာသာဖြင့် ၂၀၂၆ ခုနှစ်၊ မတ်လတွင် ပုံနှိပ်ထုတ်ပြန်ခဲ့ပါသည်။ ယင်းအစီရင်ခံစာကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ Website ဖြစ်သည့် http://mnhrc.org.mm တွင် လွှင့်တင်ဖော်ပြထားပါသည်။



၂။ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏တစ်နှစ်တာကာလအတွင်း လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးလုပ်ငန်းများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ ဥပဒေရေးရာဆောင်ရွက်ချက်များနှင့် ကော်မရှင်ရုံးမှ ဌာန (၆) ခု၏ လုပ်ငန်းဆောင်ရွက်ချက်များပါဝင်ပါသည်။ ကော်မရှင်၏ ၂၀၂၅ ခုနှစ်အတွင်း လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးဆောင်ရွက်ချက်များတွင် လူ့အခွင့်အရေးအသိပညာပေးရှင်းလင်းဆွေးနွေးဟောပြောပွဲ (၆) ကြိမ်၊ လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာပို့ချမှု (၇၄) ကြိမ်၊ သတင်းထုတ်ပြန်ချက် (၁၇) ခုနှင့် လူ့အခွင့်အရေးဆိုင်ရာအသိပညာပေးစာအုပ်စာတမ်းများ၊ စာစောင်များပုံနှိပ်ထုတ်ဝေဖြန့်ချီခြင်း၊ ကော်မရှင်၏ ဆောင်ရွက်ချက်များကို e-newsletter ထုတ်ဝေခြင်းများပါဝင်ပါသည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် တိုင်စာများစုံစမ်းစစ်ဆေးခြင်း၊ ရဲစခန်း၊ အချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများအပါအဝင် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း (၂၁) ခု၊ လူငယ်သင်တန်းကျောင်း၊ မသန်စွမ်းကျောင်း၊ ဘိုးဘွားရိပ်သာ (၁၀) ခုတို့သို့ သွားရောက်စစ်ဆေးခဲ့ခြင်းနှင့် တွေ့ရှိချက်များအပေါ် အကြံပြုချက် စုစုပေါင်း (၃၂၆) ချက်ကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ခြင်းတို့ပါဝင်ပါသည်။ လူ့အခွင့်အရေးဘာသာရပ်နှင့် သိမှတ်ဖွယ်ရာဘာသာရပ်များကို သုတေသနပြုခြင်း၊ အသိပညာမျှဝေဆွေးနွေးခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။ ကော်မရှင်သည် စတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းတာဝန်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နှစ်စဉ်လုပ်ငန်းစီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ၂၀၂၅ ခုနှစ်၊ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းများကို ယခု ၂၀၂၅ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ညွှန်းတင်ပြထားပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဝေဖန်အကြံပြုလိုပါက ကော်မရှင်ရုံး အမှတ် (၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ အီးမေးလ် info@mnhrc.org.mm သို့လည်းကောင်း ပေးပို့နိုင်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

➤ **ကျောဖုံးမှအဆက်**

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများစိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအားစွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာသောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး ဒုတိယတိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားကာ အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများနှင့်အတူ အထူးနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



ဧြာဝတီဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်စိုး၊ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့်အင်္ဂလိပ်စာသင်တန်းများဖွင့်လှစ်



အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးနေမျိုး သင်တန်းသားတစ်ဦးအား စာရေးကိရိယာများပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဧပြီ ၂၀**

အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးနေမျိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မော်လမြိုင်မြို့နယ်၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ ကျောင်းသား/ကျောင်းသူများ၏ ၃၈ ဖြာ မင်္ဂလာတရားတော်များနှင့် ပြည်သူ့နီတိတို့မှမင်္ဂလာတရားတော်များကို တေးသရုပ်ဖော်ကပြမှုအားကြည့်ရှုအားပေးကြသည်။ ထို့နောက် သင်တန်းသား ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများနှင့် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၅၀ ဦးဖြင့်လည်းကောင်း၊ ကွန်ပျူတာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၁၇ ဦးဖြင့်လည်းကောင်း၊ အင်္ဂလိပ်စာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၃၄ ဦးဖြင့်လည်းကောင်း ဧပြီလ ၂၉ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

၁ ကျောဖုံးမှအဆက်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံ အဖွဲ့ဝင်အမျိုးသား ၁၁ ဦးသည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အေးချမ်းဖြိုးခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့်တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့မှ အမျိုးသား ၂ ဦး၊ နတ်တလင်းမြို့မှ အမျိုးသား ၁ ဦး၊ မင်းလှမြို့မှအမျိုးသား ၂ဦး၊ ညောင်လေးပင်မြို့မှ အမျိုးသား ၆ ဦး၊ စုစုပေါင်း အမျိုးသား (၁၁)ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးအား ဆုကြေးငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ဦးစွာ တိုင်းမှူးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား အသိပညာပေးအမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA1သေနတ် ၁ လက်၊ MA3 သေနတ် ၂ လက်၊ BA63သေနတ် ၁ လက်၊ M79 လက်လုပ်သေနတ် ၁ လက်၊ ကျည်မျိုးစုံ ၂၅၂ တောင့်၊ ကျည်အိမ်မျိုးစုံ ၈ ခု၊ ၄၀မမ ဗုံးသီး ၁ လုံးတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မောင်းပြန်ရိုင်ဖယ်သေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ၄ လက်အတွက် ငွေကျပ်သိန်း ၂၀၀၊ လက်လုပ်သေနတ် ၁ လက်အတွက် ဆုကြေးငွေ ၅ သိန်းကျပ်၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ ၁ ဦးလျှင် ၃သိန်းကျပ်နှုန်းဖြင့် ၁၁ ဦးအတွက် ၃၃ သိန်းကျပ်နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် ခံဝန်ကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။ ယင်းနောက် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများနှင့် ၎င်းတို့၏ မိဘများထံမှ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"PDF ထဲကိုရောက်ရှိလာတာ ရွာအနီးကလူတွေက ကျေးရွာကိုကာကွယ်ဖို့ အဲ့ဒီလိုမျိုးဖွဲ့စည်းခြင်းမျိုး ဖွဲ့စည်းမယ်ဆိုပြီး သွားရောက်ခြင်းဖြစ်တယ်။ ဆင့်ကဲဆင့်ကဲ အဲဒီမျိုး သူတို့ကခိုင်းတယ်။ ညီတို့က



အဲ့ဒီလိုမျိုးဟာတွေမကြိုက်ဘူး။ လုံးဝအပြစ်မရှိတဲ့ ပြည်သူတွေအပေါ်ကို နိုင်ထက်စီးနင်း အဲ့ဒီလိုမျိုးပြောတာတွေကို ညီတို့က လက်မခံနိုင်ဘူး။ အဲဒီလိုမျိုးတွေလည်း မကြိုက်ဘူး။ သူတို့ခေါင်းစဉ်တပ်ထားတာ ပြည်သူ့ကာကွယ်ရေးဆိုပြီးတော့ ခေါင်းစဉ်တပ်ထားခဲ့တာ တကယ်တမ်းကျတော့ ခေါင်းစဉ်အလိုက်နဲ့ ဘာမှမသက်ဆိုင်တဲ့အတွက် ညီတို့လည်း ဆက်ပြီးတော့ သူတို့ဘက်မှာ ရပ်တည်ပေးနေစရာအကြောင်းမရှိဘူး။ သူတို့ခိုင်းတာစေတာလုပ်ပြီးတော့ ညီတို့နေပေးစရာအကြောင်း မရှိတော့ဘူး။ ညီတို့က အသားလွတ်မြေစာပင် အသေခံရမှာ။ အလင်းဝင်ဖို့ စဉ်းစားခဲ့တာတော့ကြာပြီ ဒါပေမဲ့ မဝင်ရဲဘူး။ အရင်တုန်းကတော့ ဝါဒမှိုင်းတွေ မိထားတဲ့အတွက် ဒီအထဲကိုရောက်လို့ရှိရင် ဘယ်လိုမျိုးဖြစ်မလဲ။ စပြီးထွက်လာကတည်းက နည်းနည်းတော့ တုန်လှုပ်တာပေါ့။ ကျွန်တော်တို့ အမှားလုပ်ခဲ့တာကို ခွင့်လွှတ်ပေးပြီးတော့ နွေးထွေးစွာ ပြန်လည်ကြိုဆိုခွင့်လွှတ်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်လို့ ပြောချင်ပါတယ်။ အမြင်မှန်အမြန်ဆုံးရပြီးတော့ ဝင်စေချင်တယ်။ သူတို့လည်း ဝင်ဖို့ဆန္ဒတွေတော့ရှိတယ်။ ဒါပေမဲ့ သူတို့က အကြောက်တရားလေး နည်းနည်းရှိနေသေးတယ်။ မေးလာခဲ့ရင် ပွင့်ပွင့်လင်းလင်း ပဲပြောမှာ ဒီဘက်က ဘယ်လိုထားတယ်။ ဘယ်လိုအဆင်ပြေအောင် လုပ်ပေးခဲ့တဲ့အကြောင်းတွေ ပွင့်ပွင့်လင်းလင်းပြောပြပြီးတော့ခေါ်ချင်တယ်"ဟုပြောသည်။

"ရွာမှာ အဲ့ဒီလို ကိုယ့်ကို စည်းရုံးတဲ့အချိန်



မှာ သူတို့ရဲ့ပြောတဲ့စကားတွေကို ယုံပြီးတော့ ကျွန်တော်ပါသွားခဲ့တာ။ ပြန်ဝင်လာဖြစ်တဲ့အကြောင်းရင်းကတော့ ကျွန်တော်တို့လူငယ်တွေ မြေစာပင်ဖြစ်နေတဲ့အတွက် ကျွန်တော်တို့ကတော့ အလကားနေ အလကား အသေမခံနိုင်ဘူး။ သူတို့ကောင်းစားဖို့အတွက်တော့ ကျွန်တော်တို့ မလုပ်နိုင်ဘူးဆိုတဲ့အနေနဲ့ပဲ ကျွန်တော်တို့ ပြန်ဝင်လာခဲ့တာပါ။ ကျွန်တော်တို့ ဒီဘက်ကိုရောက်လာတော့သူတို့ပြောတဲ့ဟာတွေနဲ့ အရမ်းကွာခြားလွန်းတယ်။ ဒီဘက်မှာဆို ညီအစ်ကိုလိုသွားလာတယ်။ တော်တော်လည်းပျော်ပါတယ်။ နောက်ထပ်လာမယ့် ညီအစ်ကိုတွေကို လာခဲ့ပါလို့ပဲ ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့ဒီမှာ မိသားစုလို နွေးနွေးထွေးထွေးနဲ့ မိသားစုနဲ့ကောင်းကောင်းမွန်မွန်နေရပါတယ်လို့ ပြောချင်ပါတယ်"ဟုပြောသည်။

(၁၀၀)

# သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးဆွေးနွေး

ပုသိမ် ဧပြီ ၂၀

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးမကျမီကာလအတွင်း သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်နိုင်ရေး အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်သက်ဆိုင်ရာဌာနဆိုင်ရာများတက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနညွှန်ကြားရေးမှူးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးမကျမီကာလအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းများဆောင်ရွက်ထားရှိမှုများနှင့်တက်ရောက်လာသည့်ဌာနများက သက်ဆိုင်ရာဌာနအလိုက်လုပ်ငန်းဆောင်ရွက်ထားရှိမှုများကိုရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးသည် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ရင်ဆိုင်နေရသည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ ဆည်၊ မြောင်း၊ တာတမံများ၊ ရေငန်တားတာများလည်းများပြားသည့်အတွက် ဆည်၊ တာတမံများ၏ ကြံ့ခိုင်ရေး၊ ယိုစိမ့်မှုများ၊ ကျိုးပေါက်မှုများမဖြစ်စေရေးကိုလည်း စစ်ဆေးဆောင်ရွက်ရန်လိုကြောင်း၊ ဧရာဝတီမြစ်၊ ငဝန်မြစ်စသည့် မြစ်ကြီးမြစ်ငယ်အသွယ်သွယ်စီးဆင်းသည့်အတွက် ကမ်းပြိုမှုများဖြစ်ပေါ်လျက်ရှိရာ ကာကွယ်ရေးလုပ်ငန်းများကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအနေဖြင့်လည်း အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ ဒေသအလိုက် လုပ်ငန်းဆောင်ရွက်မှုများနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်မည့်အစီအမံများ စီစဉ်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ မိုးရာသီကာလအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေး၊ စက်သုံးဆီ အချိန်မီရရှိစေရေး၊ သွင်းအားစုများ အချိန်မီရရှိစေရေး၊ စာရင်းဇယားများ တိကျမှန်ကန်မှုရှိစေရေး အလေးထားဆောင်ရွက်ကြရန်မှာကြားကာ လိုအပ်သည်များပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဧပြီ ၂၀

ယနေ့မွန်းလွဲ ၂ နာရီ ၂၂ မိနစ် ၅၈ စက္ကန့်အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၃၁၀၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Near East Coast of Honshu, Japan)၊ မြောက်လတ္တီတွဒ် ၃၉ ဒသမ ၈၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၄၃ ဒသမ ၂၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၇ ဒသမ ၄(M)အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

# နိုင်ငံတော်နှင့်ပြည်သူ လက်တွဲညီညီရှေ့သို့ချီ

**ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)**

**ကျွန်ုပ်တို့ပြည်သူများ၏ ဆန္ဒပြည့်ဝခဲ့ကြပြီ**

ကျွန်ုပ်တို့ပြည်သူများ၏လိုလားတောင့်တသည်မှာ ဒီမိုကရေစီနိုင်ငံတော်နှင့် ဒီမိုကရေစီအစိုးရဖြစ်သည်။ ဤလိုလားတောင့်တချက်ပြည့်ဝရန်အတွက် ရွေးကောက်ပွဲတွင် ကျွန်ုပ်တို့တက်ကြွစွာဆန္ဒမဲပေးခဲ့ကြသည်။ အမိနိုင်ငံအတွက် အတော်ဆုံး၊ အကောင်းဆုံးသောပုဂ္ဂိုလ်များကို ရွေးချယ်ခဲ့ကြသည်။ ယခုအခါ ကျွန်ုပ်တို့ရွေးကောက်လိုက်သည့် အတော်ဆုံး၊ အကောင်းဆုံးပုဂ္ဂိုလ်များပါဝင်သည့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ်ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ ပေါ်ထွန်းလာသောဒီမိုကရေစီအစိုးရသစ်က ကျွန်ုပ်တို့ပြည်သူများအတွက် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ပေးတော့မည်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတော်ကြီး အောင်မြင်စွာတည်ဆောက်နိုင်ရေးတွင် ပြည်သူများ၏ အခန်းကဏ္ဍသည်များစွာအရေးကြီးသည်။

**ကျွန်ုပ်တို့ပြည်သူများ အရည်အချင်းမြင့်မားရန်လိုသည်**

အဖွဲ့အစည်းတစ်ရပ်အောင်မြင်ရေးအတွက် ခေါင်းဆောင်သည့် အရည်အချင်းနှင့်ပြည့်ဝသော နောက်လိုက်ငယ်သားကောင်းများရှိရန်လိုသည်။ နောက်လိုက်ငယ်သားကောင်းများရှိမှသာ ခေါင်းဆောင်သည် မိမိအဖွဲ့အစည်းအတွက် အောင်မြင်မှုအမျိုးမျိုးကိုရယူပေးနိုင်မည်ဖြစ်သည်။ ထိုနည်းတူ ကျွန်ုပ်တို့ ရွေးကောက်တင်မြှောက်လိုက်သော ဒီမိုကရေစီအစိုးရသစ်သည် ဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်ပေးနိုင်ရန်အတွက် အရည်အချင်းများနှင့်ပြည့်စုံနေသော နိုင်ငံ့သားကောင်းများရှိနေရန်လိုသည်။ နိုင်ငံ့သားကောင်းများရှိနေမှသာ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ကျွန်ုပ်တို့အတွက် ထူထောင်ပေးနိုင်မည်။ အရည်အချင်းများနှင့်ပြည့်စုံသော နိုင်ငံ့သားကောင်းဖြစ်ရန်ဆိုသည်မှာ ဆန္ဒရှိရုံတစ်ခုတည်းဖြင့်မရနိုင်။ အမှန်တကယ် လက်တွေ့ကြိုးပမ်းဆောင်ရွက်ခြင်းဟူသော ဝီရိယနှင့်ပေါင်းစပ်ပေးမှသာ အရည်အချင်းနှင့်ပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်နိုင်သည်။ အရည်အချင်းနှင့်ပြည့်ဝသော နိုင်ငံ့သားကောင်းဖြစ်ရန်အတွက် ကျွန်ုပ်တို့အားလုံး မပျက်မကွက်ကြိုးပမ်းထမ်းဆောင်နေရမည့် ကိုယ်စီတာဝန်များရှိသည်။ ယင်းကိုယ်စီတာဝန်များကို ကျွန်ုပ်တို့မပျက်မကွက်ကြိုးပမ်းထမ်းဆောင်နေခြင်းဖြင့် အရည်အချင်းနှင့်ပြည့်ဝသော နိုင်ငံ့သားကောင်းများအဖြစ် ကျွန်ုပ်တို့ရောက်ရှိလာကြမည်။

**ကျွန်ုပ်တို့ထမ်းဆောင်နေကြရမည့် ကိုယ်စီတာဝန်များ**

အရည်အချင်းနှင့်ပြည့်ဝသောနိုင်ငံသားများဖြစ်ရန်အတွက် ကျွန်ုပ်တို့စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည့်ကိုယ်စီတာဝန်များအနက် အဓိကအချို့ကို ဖော်ပြလိုသည်။ ယင်းကိုယ်စီတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

**ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုမြှင့်တင်ပေးသည့်တာဝန်**

ကျွန်ုပ်တို့သည် မိမိတို့၏ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှုကို အစဉ်မြှင့်တင်နေရမည်။ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုမြင့်မားသောနိုင်ငံသားများသည် နိုင်ငံအတွက် အားထားရသည့်အားတစ်ရပ်ဖြစ်သည်။ ယင်းအားကို နိုင်ငံတော်အစိုးရကရယူပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများကိုဖန်တီးနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့က မိမိတို့၏ကျန်းမာကြံ့ခိုင်မှုကို အစဉ်မြှင့်တင်ပေးနေရန်လိုအပ်သည်။ ကျွန်ုပ်တို့၏ ကျန်းမာကြံ့ခိုင်မှုကို နည်းလမ်းသုံးသွယ်ဖြင့်မြှင့်တင်နိုင်သည်။ ပထမနည်းလမ်းမှာ ကျန်းမာကြံ့ခိုင်ရေးနှင့်ပတ်သက်သော အသိပညာ၊ ဗဟုသုတ၊ စာပေများကို မပြတ်ဖတ်ရှုလေ့လာခြင်း၊ ဒုတိယနည်းလမ်းမှာ ကျန်းမာရေးစံနှုန်းများနှင့်အညီ နေထိုင်စားသောက်ခြင်း၊ တတိယနည်းလမ်းမှာ မိမိနှင့်သင့်လျော်ရာ အားကစားနည်းတစ်မျိုးမျိုးကို ပုံမှန်လေ့ကျင့်နေခြင်းတို့ဖြစ်သည်။ ဤနည်းလမ်းသုံးသွယ်ကို အစဉ်လိုက်နာဆောင်ရွက်နေခြင်းဖြင့် ကျွန်ုပ်တို့၏ကျန်းမာကြံ့ခိုင်မှုအဆင့်မြင့်မား၍လာမည်။ ကျွန်ုပ်တို့၏ကျန်းမာကြံ့ခိုင်မှုမြင့်မားလာသည်နှင့်အမျှ အမိနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုအမျိုးမျိုးကို ပိုမိုကြိုးပမ်းဆောင်ရွက်ပေးနိုင်မည်။ အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးတွင် ကျွန်ုပ်တို့နိုင်ငံသားများ၏ ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှုသည် အတိုင်းအတာတစ်ခုအထိ အရေးပါသည်။ ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှုကို မြှင့်တင်နေခြင်းသည်အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းသဘောဖြစ်သည်။

**စိတ်ဓာတ်ပိုင်းကြံ့ခိုင်မှုကို မြှင့်တင်ပေးသည့်တာဝန်**

ကျွန်ုပ်တို့သည် မိမိတို့၏စိတ်ဓာတ်ပိုင်းကြံ့ခိုင်မှုကို အစဉ်မြှင့်တင်ပေးနေရမည်။ စိတ်ဓာတ်ပိုင်းကြံ့ခိုင်မြင့်မားသောနိုင်ငံသားများသည် နိုင်ငံအတွက် အားထားရသည့်အားတစ်ရပ်ဖြစ်သည်။ ယင်းအားကို နိုင်ငံတော်အစိုးရကရယူပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုအမျိုးမျိုးကိုဖန်တီးနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့က မိမိတို့၏စိတ်ဓာတ်ပိုင်းကြံ့ခိုင်မှုကို အစဉ်မြှင့်တင်ပေးနေရန်လိုအပ်သည်။ ကျွန်ုပ်တို့၏စိတ်ဓာတ်ပိုင်းကြံ့ခိုင်မှုကို နည်းလမ်းသုံးသွယ်ဖြင့် မြှင့်တင်နိုင်သည်။ ပထမနည်းလမ်းမှာ မိမိတို့သည်အညွှံ့ခံအရှုံးသမားအဖြစ်ရပ်တည်ရန် အသက်ရှင်သန်နေခြင်းမဟုတ်၊ အောင်နိုင်သူများအဖြစ်ရပ်တည်ရန် အသက်ရှင်သန်နေခြင်းဖြစ်သည်ဟုခံယူချက်ထားရှိခြင်း၊ ဒုတိယနည်းလမ်းမှာ တာဝန်နှင့်ဂုဏ်သိက္ခာသည် အသက်ထက်ပိုမိုမွန်မြတ်သည်၊ စွန့်လွှတ်စရာရှိလျှင် အသက်ကိုသာစွန့်လွှတ်မည်၊ တာဝန်နှင့်ဂုဏ်သိက္ခာကို မစွန့်လွှတ်ဟု ဆုံးဖြတ်ချက်သန္နိဋ္ဌာန်ချမှတ်ထားခြင်း၊ တတိယနည်းလမ်းမှာ မိမိချမှတ်ထားသောဆုံးဖြတ်ချက်ကို လုံးဝမစွန့်လွှတ်ဘဲ ပြီးစီးအောင်မြင်သည်အထိ မဆုတ်မနစ်ကြိုးပမ်းအားထုတ်ဆောင်ရွက်သည့်အလေ့အထကို အစဉ်ကျင့်သုံးခြင်းတို့ဖြစ်သည်။ ဤနည်းလမ်းသုံးသွယ်ကိုအစဉ်လိုက်နာဆောင်ရွက်နေခြင်းဖြင့် ကျွန်ုပ်တို့၏ စိတ်ဓာတ်ပိုင်းကြံ့ခိုင်မှုမြင့်မားလာမည်။ ကျွန်ုပ်တို့၏ စိတ်ဓာတ်ပိုင်းကြံ့ခိုင်မှုမြင့်မားလာသည်နှင့်အမျှ အမိနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုအမျိုးမျိုးကို ပိုမိုကြိုးပမ်းဆောင်ရွက်ပေးနိုင်မည်။ အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးတွင် ကျွန်ုပ်တို့နိုင်ငံသားများ စိတ်ဓာတ်ပိုင်းကြံ့ခိုင်မြင့်မားမှုသည် အတိုင်းအတာတစ်ခုအထိအရေးပါသည်။ စိတ်ဓာတ်ပိုင်းကြံ့ခိုင်မှုကို မြှင့်တင်နေခြင်းသည် အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းသဘောဖြစ်သည်။

**◆◆ အဖွဲ့အစည်းတစ်ရပ်အောင်မြင်ရေးအတွက် ခေါင်းဆောင်သည့် အရည်အချင်းနှင့်ပြည့်ဝသော နောက်လိုက်ငယ်သားကောင်းများရှိရန်လို...**

**◆◆ အရည်အချင်းများနှင့်ပြည့်စုံသော နိုင်ငံ့သားကောင်းဖြစ်ရန်ဆိုသည်မှာ ဆန္ဒရှိရုံတစ်ခုတည်းဖြင့်မရနိုင်။ အမှန်တကယ်လက်တွေ့ကြိုးပမ်းဆောင်ရွက်ခြင်းဟူသော ဝီရိယနှင့်ပေါင်းစပ်ပေးမှသာ အရည်အချင်းနှင့်ပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်နိုင်...**

**◆◆ စည်းလုံးညီညွတ်မှုစိတ်ဓာတ်ကို မြှင့်တင်နေခြင်းသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းသဘောဖြစ်...**

**စွမ်းရည်အမျိုးမျိုးမြှင့်တင်ဆောင်ရွက်ပေးသည့်တာဝန်**

ကျွန်ုပ်တို့သည် မိမိတို့၏စွမ်းရည်အမျိုးမျိုးကို အစဉ်မြှင့်တင်ပေးနေရမည်။ စွမ်းရည်အမျိုးမျိုးမြင့်မားသောနိုင်ငံသားများသည် နိုင်ငံအတွက် အားကိုးအားထားပြုရသည့် အားတစ်ရပ်ဖြစ်သည်။ ယင်းအားကို နိုင်ငံတော်အစိုးရကရယူပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုအမျိုးမျိုးကိုဖန်တီးနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့က အမိနိုင်ငံအတွက် မိမိတို့၏ စွမ်းရည်များကို အစဉ်မြှင့်တင်ပေးနေရန်လိုအပ်သည်။ ကျွန်ုပ်တို့၏စွမ်းရည်များကို နည်းလမ်းသုံးသွယ်ဖြင့် မြှင့်တင်နိုင်သည်။ ပထမနည်းလမ်းမှာ တာဝန်များကို ထမ်းဆောင်ရာတွင် သတ်မှတ်လျာထားချက်များကို ပြည့်မီသည့် အပြင်အဆင်များစွာ ကျော်လွန်ကောင်းမွန်အောင်အစဉ်ထမ်းဆောင်ခြင်း၊ ဒုတိယနည်းလမ်းမှာ တာဝန်များကို သုတေသနသဘောအခြေခံ၍ ထမ်းဆောင်ပြီး ပိုမိုအဆင့်မြင့်သော အတွေးအခေါ်အယူအဆများကို အစဉ်ဖော်ထုတ်ခြင်း၊ တတိယနည်းလမ်းမှာ တာဝန်တစ်ခုထမ်းဆောင်ပြီးတိုင်း ပိုမိုအဆင့်မြင့်ခက်ခဲသောလုပ်ငန်းတာဝန်များကို ထပ်မံထမ်းဆောင်ခြင်းတို့ဖြစ်သည်။ ဤနည်းလမ်းသုံးသွယ်ကို အစဉ်လိုက်နာဆောင်ရွက်နေခြင်းဖြင့် ကျွန်ုပ်တို့၏ စွမ်းရည်များအဆင့်မြင့်မားလာမည်။ ကျွန်ုပ်တို့၏ စွမ်းရည်များ အဆင့်မြင့်မားလာသည်နှင့်အမျှ အမိနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများကို ကျွန်ုပ်တို့ ပိုမိုကြိုးပမ်းဆောင်ရွက်ပေးနိုင်မည်။ အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးတွင် ကျွန်ုပ်တို့နိုင်ငံသားများ၏ စွမ်းရည်မြင့်မားမှုသည် အတိုင်းအတာတစ်ခုအထိ အရေးပါသည်။ စွမ်းရည်အမျိုးမျိုးကိုမြှင့်တင်နေခြင်းသည် အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းသဘောဖြစ်သည်။

**စည်းကမ်းနှင့်ကိုယ်ကျင့်သီလကို မြှင့်တင်ပေးသည့်တာဝန်**

ကျွန်ုပ်တို့သည် မိမိတို့၏စည်းကမ်းနှင့်ကိုယ်ကျင့်သီလအဆင့်ကို အစဉ်မြှင့်တင်ပေးနေရမည်။ စည်းကမ်းနှင့်ကိုယ်ကျင့်သီလမြင့်မားသော နိုင်ငံသားများသည် နိုင်ငံအတွက် အားကိုးအားထားပြုရသည့်အားတစ်ရပ်ဖြစ်သည်။ ယင်းအားကို နိုင်ငံတော်အစိုးရကရယူပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုအမျိုးမျိုးကို ဖန်တီးနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ကအမိနိုင်ငံအတွက် မိမိတို့၏စည်းကမ်းနှင့်ကိုယ်ကျင့်သီလအဆင့်ကို အစဉ်မြှင့်တင်ပေးနေရန်လိုအပ်သည်။ ကျွန်ုပ်တို့၏စည်းကမ်းနှင့်ကိုယ်ကျင့်သီလကို နည်းလမ်းသုံးသွယ်ဖြင့်မြှင့်တင်ပေးနိုင်သည်။ ပထမနည်းလမ်းမှာ မိမိတို့၏စိတ်ကို သတိဖြင့်အစဉ်ထိန်းချုပ်ပြီး မကောင်းမှုမှန်သမျှကို ရှောင်ပြီး ကောင်းမှုမှန်သမျှကိုဆောင်ရွက်နေခြင်း၊ ဒုတိယနည်းလမ်းမှာ စောင့်သိရမည့်သစ္စာ၊ ထိန်းသိမ်းရမည့်ကျင့်ဝတ်၊ လိုက်နာရမည့်စည်းကမ်းမှန်သမျှကို တိကျစွာလိုက်နာစောင့်ထိန်းနေခြင်း၊ တတိယနည်းလမ်းမှာ လောကနှင့်ပတ်ဝန်းကျင်အပေါ်တားမြစ်ထားသည့်အရာမှန်သမျှကိုလုံးဝမပြုလုပ်ဘဲ ဆောင်ရွက်ရန် တိုက်တွန်းထားသည့်အရာမှန်သမျှကို မဖြစ်မနေကြိုးပမ်းဆောင်ရွက်ခြင်းတို့ဖြစ်သည်။ ဤနည်းလမ်းသုံးသွယ်ကို အစဉ်လိုက်နာဆောင်ရွက်နေခြင်းဖြင့် ကျွန်ုပ်တို့၏စည်းကမ်းနှင့်ကိုယ်ကျင့်သီလအဆင့်မြင့်မားလာမည်။ ကျွန်ုပ်တို့၏စည်းကမ်းနှင့်ကိုယ်ကျင့်သီလအဆင့်မြင့်မားလာသည်နှင့်အမျှ မိမိတို့၏စိတ်ကိုထိန်းချုပ်နိုင်စွမ်းမြင့်မားလာပြီး အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်မှုအမျိုးမျိုးကို ကြိုးပမ်းဆောင်ရွက်ပေးနိုင်မည်။ အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးတွင်ကျွန်ုပ်တို့နိုင်ငံသားများ၏စည်းကမ်းနှင့်ကိုယ်ကျင့်သီလအဆင့်သည် အတိုင်းအတာတစ်ခုအထိအရေးပါသည်။ စည်းကမ်းနှင့်ကိုယ်ကျင့်သီလအဆင့်ကိုမြှင့်တင်နေခြင်းသည် အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းသဘောဖြစ်သည်။

**နိုင်ငံချစ်စိတ်ကို မြှင့်တင်ပေးသည့်တာဝန်**

ကျွန်ုပ်တို့သည် မိမိတို့၏နိုင်ငံချစ်စိတ်ကို အစဉ်မြှင့်တင်ပေးနေရမည်။ နိုင်ငံချစ်စိတ်မြင့်မားသော နိုင်ငံသားများသည် နိုင်ငံအတွက်အားကိုးအားထားပြုရသည့် အားတစ်ရပ်ဖြစ်သည်။ ယင်းအားကို နိုင်ငံတော်အစိုးရကရယူပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုအမျိုးမျိုးကို ဖန်တီးနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့က အမိနိုင်ငံအတွက် မိမိတို့၏နိုင်ငံချစ်စိတ်ကို အစဉ်မြှင့်တင်ပေးနေရန်လိုအပ်သည်။ ကျွန်ုပ်တို့၏ နိုင်ငံချစ်စိတ်ကို နည်းလမ်းသုံးသွယ်ဖြင့်မြှင့်တင်နိုင်သည်။ ပထမနည်းလမ်းမှာ မိမိနိုင်ငံနှင့်လူမျိုး၏ သမိုင်းကြောင်းကို အစဉ်အောက်မေ့သတိရနေခြင်း၊ ဒုတိယနည်းလမ်းမှာ မိမိနိုင်ငံနှင့်လူမျိုး၏ သမိုင်းအစဉ်အလာများကို **စာမျက်နှာ ၁၄ သို့ ⇨⇨⇨**

⇨⇨⇨ **စာမျက်နှာ ၁၃ မှအဆက်**

အစဉ်ထိန်းသိမ်းလိုက်နာဆောင်ရွက်ခြင်း၊ တတိယနည်းလမ်းမှာ မိမိသည်နိုင်ငံနှင့်လူမျိုး၏ ကိုယ်စားပြုနမူနာအဖြစ် ရပ်တည်နေသူဟု အလေးအနက်ခံယူထားခြင်းတို့ဖြစ်သည်။ ဤနည်းလမ်းသုံးသွယ်ကို အစဉ်လိုက်နာဆောင်ရွက်နေခြင်းဖြင့် ကျွန်ုပ်တို့၏နိုင်ငံချစ်စိတ်မြင့်မားလာမည်။ ကျွန်ုပ်တို့နိုင်ငံချစ်စိတ်မြင့်မားလာသည်နှင့်အမျှ အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်မှုအမျိုးမျိုးကို သက်စွန့်ကြိုးပမ်းရယူပေးမည်။ အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးတွင် ကျွန်ုပ်တို့နိုင်ငံသားများ၏ နိုင်ငံချစ်စိတ်သည် အတိုင်းအတာတစ်ခုအထိ အရေးပါသည်။ နိုင်ငံချစ်စိတ်ကိုမြှင့်တင်ပေးနေခြင်းသည် အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းသဘောဖြစ်သည်။

**စည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးသည့်တာဝန်**

ကျွန်ုပ်တို့သည် မိမိတို့၏စည်းလုံးညီညွတ်မှုကို အစဉ်မြှင့်တင်နေရမည်။ စည်းလုံးညီညွတ်မှုရှိသော နိုင်ငံသားများသည် နိုင်ငံအတွက်အားကိုးအားထားပြုရသည့် အားတစ်ရပ်ဖြစ်သည်။ ယင်းအားကို နိုင်ငံတော်အစိုးရကရယူပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုအမျိုးမျိုးကိုဖန်တီးနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့က အမိနိုင်ငံအတွက်မိမိတို့၏စည်းလုံးညီညွတ်မှုကို အစဉ်မြှင့်တင်ပေးနေရန်လိုအပ်သည်။ ကျွန်ုပ်တို့၏စည်းလုံးညီညွတ်မှုစိတ်ဓာတ်ကို နည်းလမ်းသုံးသွယ်ဖြင့်မြှင့်တင်နိုင်သည်။ ပထမနည်းလမ်းမှာ နိုင်ငံသားများအချင်းချင်း အပြန်အလှန်သစ္စာစောင့်သိခြင်း၊ ဒုတိယနည်းလမ်းမှာ တစ်ဦးနှင့်တစ်ဦး မရှိအတူ၊ ရှိအတူ အေးအတူပူအမျှ ကောင်းကျိုး၊ ဆိုးကျိုးမှန်သမျှကိုမျှဝေခံစားခြင်း၊ တတိယနည်းလမ်းမှာ အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်လာသော သဘောထားကွဲလွဲမှုများကို သဘောထားကြီးစွာဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းတို့ဖြစ်သည်။ ဤနည်းလမ်းသုံးသွယ်ကို အစဉ်လိုက်နာဆောင်ရွက်နေခြင်းဖြင့် ကျွန်ုပ်တို့၏စည်းလုံးညီညွတ်မှုစိတ်ဓာတ်မြင့်မားလာမည်။ ကျွန်ုပ်တို့၏စည်းလုံးညီညွတ်မှုစိတ်ဓာတ်မြင့်မားလာသည်နှင့်အမျှ အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်မှုအမျိုးမျိုးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးတွင် ကျွန်ုပ်တို့နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုစိတ်ဓာတ်သည် အတိုင်းအတာတစ်ခုအထိ အရေးပါသည်။ စည်းလုံးညီညွတ်မှုစိတ်ဓာတ်ကို မြှင့်တင်နေခြင်းသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းသဘောဖြစ်သည်။

**တွေးခေါ်မြော်မြင်မှုအဆင့်ကို မြှင့်တင်ပေးသည့်တာဝန်**

ကျွန်ုပ်တို့သည် မိမိတို့၏တွေးခေါ်မြော်မြင်မှုအဆင့်ကို အစဉ်မြှင့်တင်ပေးနေရမည်။ တွေးခေါ်မြော်မြင်မှု အဆင့်မြင့်မားသောနိုင်ငံသားများသည် နိုင်ငံအတွက် အားကိုးအားထားပြုရသည့်အားတစ်ရပ်ဖြစ်သည်။ ယင်းအားကို နိုင်ငံတော်အစိုးရကရယူပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုအမျိုးမျိုးကို ဖန်တီးနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့က မိမိတို့နိုင်ငံအတွက် မိမိတို့၏တွေးခေါ်မြော်မြင်မှုအဆင့်ကို အစဉ်မြှင့်တင်ပေးနေရန်လိုအပ်သည်။ ကျွန်ုပ်တို့၏တွေးခေါ်မြော်မြင်မှုအဆင့်ကို နည်းလမ်းသုံးသွယ်ဖြင့် မြှင့်တင်နိုင်သည်။ ပထမနည်းလမ်းမှာ စာပေဗဟုသုတများကို အစဉ်ဖတ်ရှုလေ့လာမှတ်သားနေခြင်း၊ ဒုတိယနည်းလမ်းမှာ ပညာရှိသူတော်ကောင်းများ၏အဆုံးအမတရား၊ လမ်းညွှန်ချက်များကို အမြဲခံယူနေခြင်း၊ တတိယနည်းလမ်းမှာ လောကနှင့်ပတ်ဝန်းကျင်၏ ဖြစ်ပျက်နေမှုများကို သတိပညာဖြင့်ဆင်ခြင်သုံးသပ်ပြီး မှန်ကန်သော အတွေးအခေါ်အယူအဆများကို ထုတ်ယူနေခြင်းတို့ဖြစ်သည်။ ဤနည်းလမ်းသုံးသွယ်ကို အစဉ်လိုက်နာ ဆောင်ရွက်နေခြင်းဖြင့် ကျွန်ုပ်တို့၏တွေးခေါ်မြော်မြင်မှု အဆင့်မြင့်မားလာမည်။ ကျွန်ုပ်တို့၏တွေးခေါ်မြော်မြင်မှုအဆင့်မြင့်မားလာသည်နှင့်အမျှ အမိနိုင်ငံထိခိုက်ဆုတ်ယုတ်စေမည့်အရာမှန်သမျှကိုရှောင်ကြဉ်ပြီး အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်စေမည့်အရာမှန်သမျှကို ကြိုးပမ်းဆောင်ရွက်မည်ဖြစ်သည်။ အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးတွင် ကျွန်ုပ်တို့နိုင်ငံသားများ၏တွေးခေါ်မြော်မြင်မှုအဆင့်သည် အတိုင်းအတာတစ်ခုအထိ အရေးပါသည်။ တွေးခေါ်မြော်မြင်မှုအဆင့်ကို မြှင့်တင်နေခြင်းသည် အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းသဘောဖြစ်သည်။

**သတိ၊ ပညာ၊ ဝီရိယအဆင့်မြှင့်တင်သည့်တာဝန်**

ကျွန်ုပ်တို့သည် မိမိတို့၏ သတိ၊ ပညာ၊ ဝီရိယအဆင့်ကို အစဉ်မြှင့်တင်နေရမည်။ သတိ၊ ပညာ၊ ဝီရိယအဆင့်မြင့်မားသော နိုင်ငံသားများသည် နိုင်ငံအတွက် အားကိုးအားထားပြုရသည့်အားတစ်ရပ်ဖြစ်သည်။ ယင်းအားကို နိုင်ငံတော်အစိုးရကရယူပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုအမျိုးမျိုးကိုဖန်တီးနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့က အမိနိုင်ငံအတွက် မိမိတို့၏ သတိ၊ ပညာ၊ ဝီရိယအဆင့်ကို အစဉ်မြှင့်တင်ပေးနေရန် လိုအပ်သည်။ ကျွန်ုပ်တို့၏ သတိ၊ ပညာ၊ ဝီရိယအဆင့်ကို နည်းလမ်းသုံးသွယ်ဖြင့် မြှင့်တင်နိုင်သည်။ ပထမနည်းလမ်းမှာ သတိကြီးမားရန်အတွက်လောကနှင့်ပတ်ဝန်းကျင်ကပေးပို့နေသော သတင်းအချက်အလက်မှန်သမျှကို မပြတ်စုဆောင်းပြီး မည်ကဲ့သို့အဓိပ္ပာယ်ဆောင်ယူနေသည်ကို အစဉ်သုံးသပ်ဖော်ထုတ်ခြင်း။ ဒုတိယနည်းလမ်းမှာ ပညာကြီးမားရန်အတွက် ဘဝအတွေ့အကြုံအမျိုးမျိုးတို့ထဲမှ အဖိုးတန်သဘောတရားနိယာမများကိုလည်းကောင်း၊ ဘဝသင်ခန်းစာအမျိုးမျိုးတို့ကိုလည်းကောင်း ဖော်ထုတ်ရယူနေခြင်း။ တတိယနည်းလမ်းမှာ ဝီရိယကြီးမားရန်အတွက် လုပ်ငန်းတစ်ရပ်ကို ထမ်းဆောင်သည့်အခါ အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့နေရစေကာမူ ပြီးဆုံးအောင်မြင်သည်အထိ ကြိုးပမ်းဆောင်ရွက်သည့်အလေ့အထကို အစဉ်ကျင့်သုံးခြင်း စသည်တို့ဖြစ်သည်။ ဤနည်းလမ်းသုံးသွယ်ကို အစဉ်လိုက်နာဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့၏ သတိ၊ ပညာ၊ ဝီရိယအဆင့်မြင့်မားလာမည်။ ကျွန်ုပ်တို့၏ သတိ၊ ပညာ၊ ဝီရိယအဆင့်မြင့်မားလာသည်နှင့်အမျှ အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် မပျက်မကွက်ကြိုးပမ်းဆောင်ရွက်မည်။ အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးတွင် ကျွန်ုပ်တို့နိုင်ငံသားများ၏ သတိ၊ ပညာ၊ ဝီရိယအဆင့်သည် အတိုင်းအတာတစ်ခုအထိအရေးပါသည်။ သတိ၊ ပညာ၊ ဝီရိယအဆင့်ကို မြှင့်တင်နေခြင်းသည် အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းသဘောဖြစ်သည်။

**ကျွန်ုပ်တို့တာဝန်ကျေပွန်ကြသည့်အခါ**

အမိနိုင်ငံအပေါ်ကျေပွန်ရမည့်အထက်ဖော်ပြပါတာဝန်များကို ကျေပွန်စွာကြိုးပမ်းထမ်းဆောင်သည့်အခါ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မြင့်မားသော၊ စိတ်ဓာတ်ပိုင်းကြံ့ခိုင်မြင့်မားသော၊ စွမ်းရည်အမျိုးမျိုးမြင့်မားသော၊ စည်းကမ်းနှင့်ကိုယ်ကျင့်သီလမြင့်မားသော၊ နိုင်ငံချစ်စိတ်မြင့်မားသော၊ စည်းလုံးညီညွတ်မှုမြင့်မားသော၊ တွေးခေါ်မြော်မြင်မှုအဆင့်မြင့်မားသော၊ သတိ၊ ပညာ၊ ဝီရိယအဆင့်မြင့်မားသော နိုင်ငံသားများအဖြစ်သို့ရောက်ရှိလာသည်။ တစ်နည်းအားဖြင့်ဆိုရသော် အမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပေးနိုင်မည့် နိုင်ငံ့သားကောင်းများအဖြစ်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

**နိုင်ငံတော်အစိုးရနှင့်နိုင်ငံသား လက်တွဲညီညီ**

နိဂုံးချုပ်အနေဖြင့်တင်ပြရမည်ဆိုပါက ယခုအခါ ကျွန်ုပ်တို့စိတ်ကြိုက် အတော်ဆုံး၊ အကောင်းဆုံးဆိုသော ပုဂ္ဂိုလ်များနှင့်ဖွဲ့စည်းထားသည့် ဒီမိုကရေစီအစိုးရသစ်ပေါ်ထွန်းလာခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ဆောင်ရွက်ရမည့်အချက်မှာ ဒီမိုကရေစီအစိုးရသစ်၏ဦးဆောင်မှုကို အပြည့်အဝခံယူပြီး အမိနိုင်ငံကောင်းကျိုးမှန်သမျှကို တက်ကြွစွာကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ ဤသို့ နိုင်ငံတော်အစိုးရနှင့် ကျွန်ုပ်တို့နိုင်ငံသားများ လက်တွဲညီညီရှေ့သို့ချီတက်ပါက ကျွန်ုပ်တို့မျှော်မှန်းသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး မလွဲမသွေပေါ်ထွန်းလာမည်ဖြစ်ကြောင်းတင်ပြအပ်ပါသည်။ ။

# အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ




**မန္တလေး ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ လေ့ကျင့်ရေးအခြေခံပညာ အလယ်တန်းကျောင်း၌ မူလတန်းပြဆရာ၊ ဆရာမများအား အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မဟာအောင်မြေခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထားထားရွှေက အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းတွင် မူလတန်းပြ ဆရာ၊ ဆရာမ ၁၅၀ ဦးတက်ရောက်ကြပြီး ဧပြီလ ၂၀ ရက်မှ မေလ ၂၂ ရက်အထိ သင်တန်းနည်းပြဆရာ၊ဆရာမခုနစ်ဦးတို့က သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

# ကန့်ဘလူခရိုင်၌ ထောပတ်ပဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ကန့်ဘလူ ဧပြီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော ထောပတ်ပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ထောပတ်ပဲသီးနှံ ၃၈၁၅ ဧကအထိစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော ထောပတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်၍ ရိတ်သိမ်းကြရာ ကန့်ဘလူမြို့နယ်၌ ၃၇၉၇ ဧကနှင့် ကျွန်းလှမြို့နယ်၌ ၁၈ ဧက စုစုပေါင်း ၃၈၁၅ ဧကရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင်၁၈ ဒသမ ၄၅ တင်းထွက်ရှိကြောင်း သိရသည်။

"ထောပတ်ပဲကို ဆောင်းမှာပဲစိုက်ပျိုးကြတာပါ။ ထောပတ်ပဲသီးနှံစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်။ ထောပတ်ပဲသီးနှံဟာ ဈေးကောင်းရရှိတဲ့အတွက်ကြောင့် အားထားစိုက်ပျိုးကြတာဖြစ်တယ်" ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိဒေါ်မာမာဝင်းကပြောသည်။

ကန့်ဘလူခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ဒေသခံတောင်သူများက ထောပတ်ပဲသီးနှံများကို သီးသန့်စိုက်ပျိုးကြရာ အချို့တောင်သူများက အပိုဝင်ငွေရရှိစေရန်အတွက် သီးညှပ်စိုက်ပျိုးလျက်ရှိသည်။

ယခုနှစ် ကန့်ဘလူခရိုင်၌ ပဲမျိုးစုံစိုက်ပျိုးကြသောတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးကြရေးနှင့် လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

**နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

**❖ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပြောင်း၊ ဆန်ကွဲ၊ ဖွဲ တို့ကိုအခြေခံသည့် တိရစ္ဆာန်အစာများကိုထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကိုဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်ဖြစ် . . .**

**❖ ကျွန်တော်တို့လည်း ငြိမ်းချမ်းရေးလိုချင်ပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု မရှိရင် ဖွံ့ဖြိုးရေးကိစ္စဆိုတာ ဘာမှလုပ်လို့မရဘူး။ ငြိမ်းချမ်းရေးလုပ်မှသာ၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းက လုပ်လို့ရတယ်။ ရှေ့က တည်ဆောက်ရေးလုပ်ငန်းလုပ်သွား နောက်က အဖျက်လုပ်ငန်းတွေပါလာလို့ရှိရင် သမင်မွေးရင်း၊ ကျားစားရင်း ဆိုသလိုဖြစ်နေမှာပေါ့။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးမှာလည်း မဖြစ်နိုင်တာတွေ လျှောက်တောင်းဆိုပြီးတော့မှ ကိုယ့်အဖွဲ့အစည်းတည်တံ့ခိုင်မြဲရေးအတွက်လုပ်နေတယ်ဆိုလို့ရှိရင်တော့ မှားသွားမယ်။ ကျွန်တော်တို့အနေနဲ့လည်း လုပ်သင့်လုပ်ထိုက်တာတွေကိုတော့ နိုင်ငံတော်အနေနဲ့လည်း လုပ်ရမှာတွေ ရှိလာပါလိမ့်မယ်။ ဒါကြောင့် EAO တွေမှာလည်း NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေရော၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုတဲ့အဖွဲ့တွေရော ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ ဖိတ်ခေါ်ပါတယ် . . . .**

**❖ ယနေ့မှစ၍ ရက်ပေါင်း ၁၀၀ အတွင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများကို ချေးငွေနှုန်းထားတိုးမြှင့်ရေးစီမံချက်အနေဖြင့် ချေးငွေများ တိုးမြှင့်ထုတ်ပေးသွားမည် . . .**

**❖ လယ်ယာသုံးစက်ကိရိယာချေးငွေနှင့်ပတ်သက်၍ ကျပ်သိန်း ၃၀၀၀ အထိတစ်ကဏ္ဍ ပေးမည်ဖြစ်ပြီး ကျပ်သိန်း ၃၀၀၀ အထက်ဖြစ်ပါက တစ်ကဏ္ဍပေးမည်. . .**

**❖ ရထားလမ်းများကောင်းမွန်ရေးအတွက် ရထားလမ်းများအားလုံးကို တတ်နိုင်သရွေ့ အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ပြီး လတ်တလောတွင် ရန်ကုန်-မန္တလေးလမ်း၊ ရန်ကုန်-မော်လမြိုင်လမ်း၊ ရန်ကုန်-ပြည်လမ်းတို့ကို အဆင့်မြှင့်တင်ပေးသွားမည် . . .**

☆ စာမျက်နှာ ၁၇ မှအဆက်

**NCA နဲ့ပတ်သက်တဲ့ ငြိမ်းချမ်းရေး လက်မှတ်မရေးထိုးထားတဲ့ အဖွဲ့တွေကိုလည်း ဖိတ်ခေါ်ပါတယ်။ ဇူလိုင် ၃၁ ရက်နေ့မတိုင်မီမှာ တွေ့ဆုံဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။ ဒါလက်မှတ်မရေးထိုးထားတဲ့အဖွဲ့ပေါ့။ မနက်ဖြန်ကျရင်လည်း ကျွန်တော်တို့ကြေညာချက်တွေထုတ်မှာဖြစ်ပါတယ်။ ဒါလေးကြိုပြီး ကျွန်တော်ပြောပါတယ်။ နောက်တစ်ခုက လက်မှတ်ရေးထိုးထားတာပေါ့ လက်မှတ်ရေးထိုးထားပြီးတော့မှ ဒီ ၅ နှစ်အတွင်းမှာ တွေ့ဆုံခြင်းမပြုတဲ့အဖွဲ့တွေရှိတယ်။ ဥပမာအားဖြင့် – KNU တို့၊ CNF တို့ ABSDF တို့ အဖွဲ့တွေ ကျွန်တော်တို့ ဖိတ်ခေါ်ပါတယ်။ ဘာလုပ်ချင်လဲ ဆွေးနွေးဖို့တော့ ကျွန်တော်တို့ EAO တွေကို ဖိတ်ခေါ်ပါတယ်။ နောက်လက်မှတ်ရေးထိုးထားပြီးတော့မှ သဘောတူညီချက်ယူထားတာတွေရှိတယ်။ ဥပမာအားဖြင့် ၄၃ ချက်သဘောတူညီထားတာရှိတယ်။ NCA လက်မှတ်ရေးထိုးပြီးတော့မှ ဆွေးနွေးခဲ့တဲ့ အထဲမှာ Union Accord ရထားတဲ့ သဘောတူညီချက်တွေရှိတယ်။ အဲ့ဒါကိုလည်း လာမယ့် ပြည်ထောင်စုလွှတ်တော်တွေမှာ တင်ပြပြီးတော့ အပိုင်းလိုက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခုနကပြောတဲ့ တွေ့ဆုံဆွေးနွေးခြင်းမပြုရသေးတဲ့ အဖွဲ့တွေလည်း တွေ့ဆုံဆွေးနွေးဖို့အတွက် ဇူလိုင်လ ၃၁ ရက်နောက်ဆုံးထားပြီးတော့ ဆွေးနွေးဖို့အတွက် ကျွန်တော်တို့ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့လည်း ငြိမ်းချမ်းရေးလိုချင်ပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိရင် ဖွံ့ဖြိုးရေးကိစ္စဆိုတာ ဘာမှလုပ်လို့မရဘူး။ ငြိမ်းချမ်းရေးလုပ်မှသာ၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းက လုပ်လို့ရတယ်။ ရှေ့က တည်ဆောက်ရေးလုပ်ငန်းလုပ်သွား နောက်က အဖျက်လုပ်ငန်းတွေပါလာလို့ရှိရင် သမင်မွေးရင်း၊ ကျားစားရင်း ဆိုသလိုဖြစ်နေမှာပေါ့။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးမှာလည်း မဖြစ်နိုင်တာတွေ လျှောက်တောင်းဆိုပြီးတော့မှ ကိုယ့်အဖွဲ့အစည်းတည်တံ့ခိုင်မြဲရေးအတွက်လုပ်နေတယ်ဆိုလို့ရှိရင်တော့ မှားသွားမယ်။ ကျွန်တော်တို့အနေနဲ့လည်း လုပ်သင့်လုပ်ထိုက်တာတွေကိုတော့ နိုင်ငံတော်အနေနဲ့လည်း လုပ်ရမှာတွေ ရှိလာပါလိမ့်မယ်။ ဒါကြောင့် EAO တွေမှာလည်း NCA လက်မှတ် ရေးထိုးထားတဲ့ အဖွဲ့တွေရော၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုတဲ့အဖွဲ့တွေရော ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ ဖိတ်ခေါ်ပါတယ်။ ဇူလိုင် ၃၁ ရက်နေ့ မတိုင်မီမှာ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ပါမယ်။ ဒီလိုပဲ PDF နဲ့ပတ်သက်လို့ရှိရင်လည်း ဒီကာလအတွင်းမှာ ဥပဒေဘောင်အတွင်း ဝင်လာကြဖို့ ဖိတ်ခေါ်ပါတယ်။ နိုင်ငံရေးအရလည်း ဘာမှခိုင်လုံတဲ့အကြောင်းပြချက်မဟုတ်ပါဘူး။ အဖွင့်မှာပြောခဲ့သလိုပဲ အသုံးချခံနေရလို့သာဖြစ်နေကြတာပဲဖြစ်ပါတယ်။ ဒါကြောင့် အသုံးချမခံရအောင်နေကြဖို့ ပြောလိုပါတယ်”**ဟုပြောကြားသည်။

ယင်းနောက်နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့အနေဖြင့်ယနေ့မှစ၍ ရက်ပေါင်း ၁၀၀ အတွင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများကို ချေးငွေနှုန်းထားတိုးမြှင့်ရေး စီမံချက်အနေဖြင့် ချေးငွေများတိုးမြှင့်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် စပါး၊ ဂျုံ၊ ချည်မျှင်ရှည်ဝါတို့နှင့်ပတ်သက်၍ ၃ သိန်းအထိ လည်းကောင်း၊ အခြားသီးနှံ ၁၈ မျိုးကို ၂သိန်းခွဲအထိလည်းကောင်း၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော် တို့နှင့်ပတ်သက်၍ တစ်သိန်းခွဲအထိလည်းကောင်း တိုးမြှင့်ချေးပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ လယ်ယာသုံးစက်ကိရိယာချေးငွေနှင့်ပတ်သက်၍ကျပ်သိန်း၃၀၀၀အထိတစ်ကဏ္ဍ ပေးမည်ဖြစ်ပြီး ကျပ်သိန်း ၃၀၀၀ အထက်ဖြစ်ပါက တစ်ကဏ္ဍပေးမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ အနီးစခန်း လေဆိပ်အဆင့်မြှင့်တင်ခြင်းကို ပြီးပြတ်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပို့ကုန်နှစ်ဆတိုးမြှင့်ရေးနှင့်ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေဖြင့် သိုလှောင်ရုံများကို ဦးစားပေးအနေဖြင့် တည်ဆောက်သွားမည် ဖြစ်ကြောင်း၊ အလားတူ ရထားလမ်းများကောင်းမွန်ရေးအတွက် ရထားလမ်းများအားလုံးကို တတ်နိုင်သရွေ့အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ပြီး လတ်တလောတွင် ရန်ကုန်–မန္တလေးလမ်း၊ ရန်ကုန်–မော်လမြိုင်လမ်း၊ ရန်ကုန်–ပြည်လမ်းတို့ကို အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ မြစ်ကြီးနား–မိုးကောင်း–မိုးညှင်း ရထားလမ်း၌လည်း တံတားပြင်ဆင်ခြင်းများ၊ လမ်းပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရထားလမ်းများအပြင် ရထားစက်ခေါင်းများ၊ တွဲများ၊ စက်ရုံများအဆင့်မြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ မိုဘိုင်းစခန်းအသစ် ၂၇ ခုကို ယခုရက် ၁၀၀ အတွင်း တိုးချဲ့ပေးသွားမည်ဖြစ်ကြောင်း၊ မိုဘိုင်း စခန်း ၉ ခု၌ 4G LTE အဆင့်သို့ မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်း၊ ဆိုလာရေတင်စနစ်ဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် သုတေသနစွမ်းရည်မြှင့်တင်သည့် ရှေ့ပြေးတက္ကသိုလ်များကို တည်ဆောက်ပေးသွားမည်ဖြစ်ပြီး အဓိကအားဖြင့် Nay Pyi Taw State Academy၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့တွင် Research and Activation များကို ရှေ့ပြေးတက္ကသိုလ်များအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အလယ်တန်းပညာအဆင့်တွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များကို ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူ့နီတိနှင့် စာရိတ္တပညာရပ်များကိုလည်း အခြေခံပညာကျောင်းများတွင် အဓိကအနေဖြင့် လူငယ်များ အကျင့်စာရိတ္တမြင့်မားစေရေးအတွက် ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ဗလငါးတန်နှင့်ပြည့်ဝသည့် ကျောင်းများဖြစ်စေရေးအတွက် အခြေခံပညာကဏ္ဍတွင် Smart School နှင့် Football for School Program ကိုလည်း အားကစားရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့နှင့် ပေါင်းစပ်၍ ရက်ပေါင်း ၁၀၀ အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်းရှိ ကျောင်းများ၌ Pilot Project အနေဖြင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူကြိုကျောင်းများကို အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ၅၀ တွင် ဒုတိယကျန်းမာရေးဦးစီးမှူးများခန့်အပ်၍ ကျန်းမာရေးမြှင့်တင်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တို့ရှိ နှလုံးဆေးကုသရေးဌာနများတွင် လူနာတစ်သိန်းအတွက် နှလုံးရောဂါကာကွယ်ရေးအန္တရာယ် အကဲဖြတ်ပေးသည့် ဆေးကုသမှုများကို တရုတ်နိုင်ငံနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သူနာပြုကျောင်းများကိုလည်း သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ အခြားကဏ္ဍပေါင်းစုံတိုးတက်ရေးအတွက်လည်း မိမိတို့အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် တိုင်းပြည်အတွက်ကောင်းအောင် ဆောင်ရွက်ရာတွင် တစ်ဦးချင်း၏ဖြတ်သန်းလာခဲ့သည့် အတွေ့အကြုံများဖြင့်ပေါင်းစပ်၍ အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ပြီး နိုင်ငံနှင့်ပြည်သူ့အကျိုးအတွက် ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ တိုင်းပြည်အတွက်ကောင်းအောင် ဆောင်ရွက်သွားကြမည်ဟူသည့် စိတ်ဖြင့် ကြံစည်လုပ်ကိုင်ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အထွေထွေဆွေးနွေးတင်ပြကြရာတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ်တို့က ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြသည့် အမှာစာများ၊ MoU၊ MoA စာချုပ်များ၊ တင်ဒါခေါ်ယူခြင်းများနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊ အသက် ၁၀ နှစ်ပြည့် ကလေးငယ်များအား နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေးမည့်အခြေအနေ၊ eID စာရင်းအချက်အလက်ကောက်ယူခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေနှင့် ဧရာဝတီမြစ်ဆုံအသိပညာပေးရေးဆိုင်ရာကိစ္စရပ်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ အမှာစာများ တင်ပြရာတွင် အချက်အလက်များခိုင်ခိုင်မာမာ တင်ပြကြရန်လိုကြောင်း၊ တင်ဒါများခေါ်ယူရာတွင်လည်း သတ်မှတ်ထားသည့် အရည်အသွေး စံချိန်စံညွှန်းကိုက်ညီရန်နှင့် အချိန်ကြန့်ကြာမှုမရှိစေရန် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဖွံ့ဖြိုးမှုနောက်ကျနေသည့်ပြည်နယ်နှင့် တိုင်းဒေသကြီးများကိုဦးစားပေးပြီး ထူထောင်ရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများအပြင် သဘာဝဘေးအန္တရာယ်နှင့်ပဋိပက္ခများကြောင့်ထိခိုက်ပျက်စီးခဲ့ရသော အစိုးရအဆောက်အအုံ၊ လမ်း၊ တံတား၊ ဆက်သွယ်ရေး အခြေခံအဆောက်အဦများကို ပြန်လည်ထူထောင်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ငလျင်ကြောင့် ပျက်စီးသွားသည့် နိုင်ငံ့ဝန်ထမ်းအိမ်ရာအဆောက်အဦများ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ပေးကြရန်လိုကြောင်းနှင့် နိုင်ငံတော်၏ဘဏ္ဍာငွေများကို အလေအလွင့်မရှိ ထိထိရောက်ရောက် အကျိုးရှိအောင် စနစ်တကျသုံးစွဲသွားကြရန်လိုကြောင်းမှာကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

☆ **ရှေ့ဖုံးမှအဆက်**

ဖော်ဆောင်ပေးနိုင်မှုအပေါ်ကိုကြည့်၍ အစိုးရအဖွဲ့၏ တိုင်းပြည်အတွက် ဆောင်ရွက်မှုများကို ကြည့်ရှုကြခြင်းဖြစ်ကြောင်း၊ မိမိဦးဆောင်သည့်အစိုးရအဖွဲ့ကို ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲမှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက်တာဝန်ရှိကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်ရန်အတွက် တစ်ဦးချင်း စီးပွားဘဝများတိုးတက်ရေး၊ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဝင်ငွေများရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ပညာရေးနှင့် ကျန်းမာရေးသည် အရေးကြီးကြောင်း။

မိမိတို့နိုင်ငံ၏ပညာရေးကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုပါက လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းဟူ၍ နှစ်ပိုင်းခွဲပြီးကြည့်နိုင်ကြောင်း၊ လွတ်လပ်ရေးမဆုံးရှုံးမီကာလက စနစ်တကျသင်ကြားသည့် ပညာရေးစနစ်အားနည်းခဲ့ကြောင်း၊ ထိုအချိန်တွင် အခြားနိုင်ငံများ၌ စနစ်တကျဖြင့်သင်ကြားသည့် ပညာရေးစနစ်ကို ကျင့်သုံးနေကြပြီဖြစ်ကြောင်း၊ လွတ်လပ်ရေးဆုံးရှုံးပြီးချိန်နောက်ပိုင်းတွင်လည်း လွတ်လပ်ရေးရရှိရန်အတွက်ကြိုးပမ်းနေရသဖြင့်ပညာသင်ကြားမှုများအားနည်းချက်ရှိခဲ့ကြောင်း၊ အလားတူ လွတ်လပ်ရေးရရှိပြီးအချိန်တွင်လည်း နိုင်ငံရေးအရသဘောထားကွဲလွဲမှုနှင့် တိုင်းရင်းသားရေးပြဿနာများကြောင့် ပြည်သူများ ပညာသင်ကြားရေးအတွက်အခက်အခဲများရှိခဲ့သဖြင့် ပညာရေးအားနည်းချက်များရှိခဲ့ကြောင်း။

ထို့ကြောင့် နောက်ပိုင်းတွင် ပညာမတတ်သူပပျောက်ရေးအတွက် “အ” သုံးလုံး လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ထိုအချိန်တွင် ကျောင်းနေရာခိုင်နှုန်းမှာလည်း နည်းပါးခဲ့ကြောင်း၊ ကျောင်းပညာသင်ကြားရေးနှင့် ပတ်သက်၍ အဆိုပါအချိန်ကတည်းက လူများစုပညာရေးမှာ အားနည်းချက်များရှိခဲ့ကြောင်း၊ သို့သော် လူနည်းစုပညာရေးမှာ ကောင်းမွန်ခဲ့ပြီး နိုင်ငံတကာအဆင့်မီသည့်ပညာရှင်များလည်း ထွက်ပေါ်ခဲ့ကြောင်း၊ ယခုအချိန်တွင်လည်း သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ကျွမ်းကျင်သည့် ပါရဂူဘွဲ့ရရှိသူများအထိ များစွာရှိကြောင်း၊ အချို့ပါရဂူဘွဲ့များသည် ပြည်ပနိုင်ငံများမှ ရရှိခြင်းမဟုတ်ဘဲ ပြည်တွင်း၌ပင်အောင်မြင်သည့် ပါရဂူများဖြစ်ကြကြောင်း၊ အလားတူ ပြည်ပနိုင်ငံများ၌ပညာတော်သင်သွားရောက်ပြီး D.Sc ဘွဲ့ရရှိသူများလည်းရှိကြောင်း၊ ထို့ကြောင့် လူအများစု ပညာရေးများတိုးတက်လာ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့်တက်ရောက်ကြစဉ်။

**❖ မိမိတို့အစိုးရအဖွဲ့အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက်တာဝန်ရှိ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်၊ တစ်ဦးချင်း စီးပွားဘဝများတိုးတက်ရေး၊ တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဝင်ငွေများရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပညာရေးနှင့်ကျန်းမာရေးသည် အရေးကြီး . . .**

**❖ ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍများပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုသွားမည်ဖြစ်၊ လာမည့်ဘဏ္ဍာရေးနှစ်တွင်လည်း ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်တစ်နှစ်ကျော်တွင် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားမည်ဖြစ် . . .**

**❖ မိမိတို့နိုင်ငံ၏ပညာရေးကဏ္ဍကိုမြှင့်တင်၍ နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နေစိတ်ထား (Mind Set)ကိုမြင့်မားလာအောင် ဆောင်ရွက်သွားရန်လို . . .**

စေရေး ပညာရေးနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ပြီး မြှင့်တင်ပေးရန်လိုကြောင်း။

ယခင်က ပညာရေးနှင့်ပတ်သက်၍အခြေခံပညာမူလတန်းအဆင့်အား မသင်မနေရစနစ်ဖြင့် ဆောင်ရွက်ခဲ့သော်လည်း လူတိုင်း အခြေခံပညာမူလတန်း တက်ရောက်သင်ကြားမှုမရှိခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ကောက်ယူရရှိခဲ့သည့်အချက်အလက်များအရ မိမိတို့နိုင်ငံ၏ပညာရေးတွင် အားနည်းချက်များရှိသည်ကို တွေ့ရှိနိုင်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် KG+9 အထိ မသင်မနေရပညာရေးစနစ်အဖြစ် ပြောင်းလဲခဲ့ကြောင်း၊ နိုင်ငံတော်၏ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက်မိမိတို့အနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများကို ပညာရေးကဏ္ဍတွင် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိပညာရေးကဏ္ဍများပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်တွင်လည်း ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်တစ်နှစ်ကျော်တွင် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်သည့် ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့သို့ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ကြောင်း။

ပညာရေးအားနည်းချက်များကြောင့် အသိပညာများအားနည်းပြီး ကျန်းမာရေးသည်လည်း အားနည်းသည်ကိုတွေ့ရကြောင်း၊ အလားတူ အတတ်ပညာများအားနည်းခြင်းကြောင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိမှုအားနည်းပြီး ဝင်ငွေနည်းပါးကာ အာဟာရပြည့်ဝစွာ စားသုံးနိုင်မှုမရှိသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အားနည်းနေဆဲဖြစ်ကြောင်း၊ ထိုသို့ဖြစ်ရခြင်းများကိုပြန်လည်ဆန်းစစ်ကြည့်ပါက အဓိကအားဖြင့် စီးပွားရေးတိုးတက်မှုအားနည်းခြင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိခြင်းများမှ စတင်ခဲ့သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့်ပြုပြင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

အားကစားကဏ္ဍမြင့်မားလာရေးနှင့် ပတ်သက်၍ လူငယ်လူရွယ်များ၏ ကိုယ်လက်ကြံ့ခိုင်မှုများတိုးတက်လာစေရေး ပညာသင်ကြားသည့်အရွယ်တွင် အခြေခံပညာကျောင်းများ၌ ကိုယ်လက်လှုပ်ရှားမှုများနှင့် အားကစားဆောင်ရွက်မှုများကို စနစ်တကျလုပ်ဆောင်နိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ လူငယ်လူရွယ်များ၏ စိတ်ဓာတ်၊ စည်းကမ်းများ ကောင်းမွန်လာစေရေးနှင့် ခံယူချက်များ ကောင်းမွန်လာစေရေးအတွက်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်ကျောင်းနေရာခိုင်နှုန်းများ မြင့်တက်လာစေရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ခေတ်အဆက်ဆက်တွင် စာသင်ကျောင်းများကိုတိုးချဲ့ဖွင့်လှစ်ခဲ့ကြသော်လည်း အချို့အခြေခံပညာကျောင်းများသည် သတ်မှတ်ထားသည့်အဆင့်အလိုက် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိကြသည်ကို တွေ့ရကြောင်း၊ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အားကစားပြုလုပ်နိုင်ရန်အတွက်နေရာများရှိရန်လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများအားလုံး သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် ပြင်ဆင်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ပြင်ဆင်ပေးမှုများကြောင့် လူငယ်များ၏ အခြေခံစိတ်ဓာတ်များ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”**ဆိုသည့်အတိုင်း မျိုးချစ်စိတ်ဓာတ်ရှိသည့်၊ စည်းကမ်းကောင်းမွန်မှုရှိသည့်လူငယ်များကိုအခြေခံပညာကျောင်းများမှ မွေးထုတ်ပေးသွားရန်လိုကြောင်း၊ နိုင်ငံ၏အနာဂတ်အတွက်အခြေခံပညာကျောင်းများမှစတင်၍ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေးရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံအတွက် တန်ဖိုးအရှိဆုံးသော ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ပညာရေးအားနည်းမှုများကြောင့် အသိပညာအားနည်းမှုများ ဖြစ်ပေါ်လာသည့်အခါ နိုင်ငံရေးပြဿနာများ ဖြစ်ပေါ်လာသည်ကို ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် တွေ့ရှိနိုင်ကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ပေါ်ပေါက်လာခဲ့ပြီး ၎င်းတို့အနေဖြင့် ထိုအချိန်က ရွေးကောက်ပွဲရလဒ်အပေါ်ကျေနပ်မှုမရှိဘဲ လက်နက်ကိုင်လမ်းစဉ်ကိုရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အဆိုပါအခြေအနေသို့ရောက်ရှိလာခြင်းသည် မိမိတို့နိုင်ငံ၏ ပညာရေး အားနည်းချက်ကိုအသုံးချ၍ ပြည်တွင်း၊ ပြည်ပမှ နိုင်ငံရေးသမားများက ၎င်းတို့၏အကျိုးအတွက်သွေးထိုးလှုံ့ဆော်၍ အသုံးချလုပ်ဆောင်ခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ပညာရေးကဏ္ဍကိုမြှင့်တင်၍ နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နေစိတ်ထား(Mind Set) ကို မြင့်မားလာအောင် ဆောင်ရွက်သွားရန်လိုကြောင်း။

**❖ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်ပစ္စည်းများရရှိရမည်ဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်သကဲ့သို့ ပြည်ပပို့ကုန်များတိုးမြှင့်ရရှိစေနိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌လည်း ဒေသအလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြစေလို . . .**

**❖ MSME လုပ်ငန်းများကို လေ့လာကြည့်မည်ဆိုပါက ဒေသတွင်းကုန်ကြမ်းများကို အသုံးပြုဆောင်ရွက်သည့် MSME လုပ်ငန်းများသည် ပိုမိုတိုးတက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်၊ MSME လုပ်ငန်းများတိုးတက်စေရေးအတွက် လိုအပ်သည့်ရင်းနှီးမတည်ငွေများကို နိုင်ငံတော်မှထုတ်ချေးပေးလျက်ရှိပြီး လိုအပ်သည့်ဖြေလျှော့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိ . . .**

အလားတူ ကျန်းမာရေးကောင်းမွန်ရန်အတွက် ပြည်သူများအနေဖြင့် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရန်လိုကြောင်း၊ ထိုသို့စားသုံးနိုင်ရန်အတွက် နေ့စဉ်ဝင်ငွေများရရှိနေရန်လိုကြောင်း၊ အလားတူ ဒေသအလိုက် အသား၊ ငါးများကို ဖူလုံစွာဖြင့် ထုတ်လုပ်နေရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံများ၊ တက္ကသိုလ်များကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း။

### နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အားလုံးက ကျယ်ကျယ်ပြန့်ပြန့် မြော်တွေးဆောင်ရွက်

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် စီးပွားရေးကောင်းမွန်ရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင်နေထိုင်ကြပြီး ၇၀ ရာခိုင်နှုန်းနီးပါးခန့်သည် ကျေးလက်တွင်နေထိုင်ကြကြောင်း၊ ထိုအထဲတွင် နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်ရေထွက်ကုန်လုပ်ငန်းများကို လုပ်ဆောင်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ဆင်းရဲမွဲတေမှုမှာ ဒေသတွင်းနိုင်ငံများတွင်မြင့်မားသည်ဟု ထုတ်ပြန်ချက်များအရ သိရှိရကြောင်း၊ ထိုအထဲတွင် ကျေးလက်နေပြည်သူများ၏ ဆင်းရဲမွဲတေမှု ပိုမိုများပြားသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကိုမြှင့်တင်ဆောင်ရွက်ပေးမှသာ ၎င်းတို့၏ဝင်ငွေများတိုးတက်လာပြီး လူမှုစီးပွားဘဝများတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့မှသာ ဆင်းရဲမွဲတေမှုရာခိုင်နှုန်းများကျဆင်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးကိုမြှင့်တင်ပေးရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးသွားရန်လိုကြောင်း။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ လူသားအရင်းအမြစ်များရရှိရေးအတွက် အခြေခံပညာအလယ်တန်းများတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံဘာသာရပ်များ သင်ကြားရေးကို ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်၌လည်း လူသားအရင်းအမြစ်ကောင်းများရရှိရေးနှင့်ပတ်သက်၍ အလေးထားပြီး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်ပစ္စည်းများရရှိရမည်ဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်သကဲ့သို့ ပြည်ပပို့ကုန်များတိုးမြှင့်ရရှိစေနိုင်ကြောင်း၊ ထုတ်ကုန်များကိုပိုမိုတင်ပို့နိုင်ခြင်းဖြင့် ပြည်ပဝင်ငွေများစွာရရှိနိုင်မည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုကို မဖြစ်မနေ မြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်၌လည်း ဒေသအလိုက်ကုန်ထုတ်လုပ်မှုများတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း။

စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့်သွင်းအားစုများရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သည့်ဘက်မှဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ သွင်းအားစုများတွင် လိုအပ်သည့် ရေများလုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းစီမံကိန်းများကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့်လျှပ်စစ်ဓာတ်အားပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံ့အကျိုးအတွက်ဆောင်ရွက်ရမည့် စီမံကိန်းကြီးများကို အကောင်အထည်ဖော်ဆောင်ရွက်ချိန်တွင် ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်ရာတွင် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများသည် များစွာအရေးပါကြောင်း၊ အလားတူ သမဝါယမစနစ်ဖြင့် ကုန်ထုတ်လုပ်မှုများကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ MSME လုပ်ငန်းများကို သမဝါယမစနစ်ဖြင့်ဆောင်ရွက်၍ရသကဲ့သို့ တစ်ဦးချင်းအနေဖြင့်လည်း ဆောင်ရွက်နိုင်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစုများနှင့် လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကုန်ကြမ်းများကို ပြည်ပမှဝယ်ယူ၍ ဆောင်ရွက်ခြင်းထက် ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေနိုင်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် MSME လုပ်ငန်းများကို လေ့လာကြည့်မည်ဆိုပါက ဒေသတွင်းကုန်ကြမ်းများကိုအသုံးပြုဆောင်ရွက်သည့် MSME လုပ်ငန်းများသည် ပိုမိုတိုးတက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများတိုးတက်စေရေးအတွက် လိုအပ်သည့်ရင်းနှီးမတည်ငွေများကို နိုင်ငံတော်မှ ထုတ်ချေးပေးလျက်ရှိပြီး လိုအပ်သည့် ဖြေလျှော့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေးအတွက်လည်း သိပ္ပံကျောင်းများမှတစ်ဆင့် သင့်တော်သည့် သိပ္ပံကျောင်းများကို တက္ကသိုလ်၊ ကောလိပ်အဆင့်မြှင့်တင်ခြင်းနှင့် တက္ကသိုလ်များ၊ Polytechnic သိပ္ပံများနှင့် တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းစေနိုင်မည့် Quick Win များကို မိမိတို့အနေဖြင့် ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ အဓိကအရေးကြီးသည်မှာ အလုပ်လုပ်ရန်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များအနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးသွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးဖြစ်ထွန်းပြီး ဝါကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းသည် စဉ်ဆက်မပြတ်သည့် ကွင်းဆက်ကုန်ထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖြစ်ပေါ်စေနိုင်သည့် စက်မှုကုန်ထုတ်လုပ်ငန်းပင်ဖြစ်ကြောင်း၊ ဝါထွက်ကုန်များမှတစ်ဆင့် ဝါ၊ ဝါဂွမ်း၊ ချည်မျှင်၊ အထည်အလိပ်လုပ်ငန်းများအထိ အဆင့်ဆင့်သော အလုပ်အကိုင်အခွင့်အလမ်းနှင့် ကုန်ထုတ်လုပ်မှုများကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ အလားတူ သယံဇာတအများအပြားရှိပြီးဖြစ်သည့် ဝါး၊ ရော်ဘာတို့ကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားမည်ဆိုပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ အလားတူ သရက်၊ ဒူးရင်း၊ ကြက်မောက်၊ ငှက်ပျောကောင်း၊ ကျွဲကောတို့အပါအဝင် ဥယျာဉ်ခြံမြေထွက် သီးနှံများကိုလည်း မိမိတို့အနေဖြင့် အဆင့်မြင့်ကုန်ထုတ်သီးနှံများအဖြစ် ထုတ်လုပ်နိုင်အောင်ကြိုးစားဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း။

တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်ကျသည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ဒေသအတွက် လိုအပ်သည့်စားသောက်ကုန်များဖူလုံစွာရရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းစားသုံးမှု ဖူလုံမှုမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးဖူလုံရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက အသား၊ ငါးများ၏ ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် သွားလာရေးခက်ခဲသည့် ဒေသများသို့ ရောက်ရှိစဉ် ဒေသခံများနှင့်တွေ့ဆုံ၍ အသား၊ ငါးများဈေးနှုန်းကြီးမြင့်ရခြင်းနှင့်ပတ်သက်ပြီးမေးမြန်းခဲ့ရာ၎င်းတို့အနေဖြင့် ဒေသတွင်း၌ မွေးမြူရေးလုပ်ငန်းများအား ပြင်ပမှတိရစ္ဆာန်အစာများဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေရသဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့်ဖြစ်သည်ကို သိရှိခဲ့ရကြောင်း၊ ၎င်းတို့အနေဖြင့် ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပြောင်း၊ ဆန်ကွဲ၊ ဖွဲ တို့ကိုအခြေခံသည့် တိရစ္ဆာန်အစာများကိုထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကိုဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်ဖြစ်ကြောင်း၊ ယေဘုယျအားဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်းတို့ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ရခြင်းဖြစ်ကြောင်း။

ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်နည်းပညာခေတ်ဖြစ်သဖြင့် နိုင်ငံတကာမျက်နှာစာတွင် ခေတ်နောက်ကျမကျန်ခဲ့စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အခြေခံလူတန်းစားများ ပညာရည်မြင့်မားစေရေး၊ ပညာရည်မြင့်မားသူများအနေဖြင့် အိုင်တီနည်းပညာနှင့်ပတ်သက်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် မိမိတို့၏ လုပ်ဆောင်ချက်များအပေါ်တွင် အားပေးထောက်ခံကြသူများ ရှိသကဲ့သို့ ဝေဖန်ထောက်ပြပြောဆိုမည့် အတိုက်အခံများသည်လည်း ရှိလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် တိုင်းပြည်နှင့်ပြည်သူလူထုအကျိုးအတွက် အမှန်တကယ်ကြိုးပမ်းအလုပ်လုပ်ကြရန်၊ အဂတိကင်းစွာဖြင့် လုပ်ဆောင်ကြရန်လိုကြောင်း။

### တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်နိုင်မည်

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံ၏ အချို့သောနေရာဒေသများတွင် အဖျက်အမှောင့်လုပ်ရပ်မျိုးစုံကို ကျူးလွန်နေကြသည်ကိုတွေ့ရှိရပြီး အများစုအနေဖြင့် ဆက်ကြေးများ၊ ဂိတ်ကြေးများတောင်းခံခြင်း၊ ဒေသအလိုက်မှထွက်ရှိသည့် သစ်တောသယံဇာတများ၊ မြေပေါ်မြေအောက် သယံဇာတများကို တရားမဝင်ထုတ်ယူ၍ ၎င်းတို့ကိုယ်ကျိုးအတွက်အသုံးပြုနေကြကြောင်း၊ ၎င်းတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုရလဒ်များအရ ဖြစ်ပေါ်လာသည့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းကို ရွေးချယ်ခဲ့ရာမှ ပေါ်ပေါက်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဒီမိုကရေစီနည်းလမ်းတကျပေါ်ပေါက်လာသည့် ရွေးချယ်ခံအစိုးရအနေဖြင့် နိုင်ငံတော်တွင်တာဝန်ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာစေရေး ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### အစိုးရအဖွဲ့အနေဖြင့် ယနေ့မှစ၍ ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များ

ထို့နောက် နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့ရက်ပေါင်း ၁၀၀ နှင့်ပတ်သက်၍ ဦးစားပေးဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ပြောကြားရာတွင် **“ရက် ၁၀၀ ဆိုတော့ ဒီနေ့က ၂၀ ရက်ပေါ့၊ မှတ်ရလွယ်ပါတယ်။ ဇူလိုင်လ ၃၁ ရက်နေ့က ရက် ၁၀၀ လို့သတ်မှတ်လိုက်ပေါ့။ ဇူလိုင် ၃၁ ရက်နေ့နောက်ဆုံးထားပြီးတော့ ရက် ၁၀၀ နဲ့ပတ်သက်ပြီး ကျွန်တော် နည်းနည်းပြောချင်ပါတယ်။ ခုနကပြောတဲ့ PDF နဲ့ပတ်သက်ပြီးတော့ PDF ကတော့ ကျွန်တော်တို့ ဒီတွေ့ဆုံဆွေးနွေးခြင်းနဲ့ ငြိမ်းချမ်းရေးအတွက် အလင်းဝင်ဖို့လည်း ပြောထားတာရှိပါတယ်။ အခုလည်း အလင်းဝင်တာတွေအများကြီးရှိပါတယ်။ လပခနယ်မြေတို့၊ တပခ နယ်မြေတို့ဆိုရင် အလင်းဝင်ကြတာတွေအများကြီးပဲရှိတယ်။ လပခကတော့ ပိုများတာပေါ့ ရာနဲ့ချီပြီးတော့ဝင်ကြတယ်။ ဒါထက်လည်းလာဖို့အတွက် သူတို့တောင်းဆိုနေတာတွေလည်းရှိပါတယ်။ ကျွန်တော်တို့က ကြိုဆိုပါတယ်။ PDF နဲ့ပတ်သက်ပြီးတော့။ ရက်ပေါင်း ၁၀၀ အတွင်းမှာ လာပြီးတော့ ငြိမ်းချမ်းရေးအတွက် လာကြပါ။**

**EAO နဲ့ပတ်သက်ပြီးတော့ နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းထဲမှာ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေရှိတယ်။ NCA လက်မှတ်ရေးထိုးထားခြင်းမပြုတဲ့အဖွဲ့တွေရှိတယ်။ အဲ့ဒီတော့ ကျွန်တော် နှစ်ဖွဲ့လုံးကို ဖိတ်ခေါ်ပါတယ်။** စာမျက်နှာ ၁၅ သို့ ✯

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the Republic of the Union of Myanmar U Min Aung Hlaing addresses Union government meeting

## Discusses matters to be addressed by the government within 100 days starting today

NAY PYI TAW April 20

A Union government meeting of the Republic of the Union of Myanmar took place at the Union government meeting hall of the Presidential Palace in Nay Pyi Taw this afternoon, addressed by President U Min Aung Hlaing.

Also present at the meeting were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, union ministers, the Nay Pyi Taw Council chair. Region/state chief ministers attended the meeting through video conferencing.



President of the Republic of the Union of Myanmar U Min Aung Hlaing delivers an address at the Union Government Meeting.

**The importance of the health and education sectors in socio-economic development**

In his keynote address, the President stated that this was the first meeting of the current government, during which the work to be done over the coming five years would be discussed. During an interview at the presidential inauguration ceremony, he told the media that **national peace, stability, and progress would be prioritized.** Regarding his message to the people, the President **urged citizens to work hard and live in unity.**

The government will place national peace, stability, and progress at the core of its functions. People in every country measure their government's achievements by weighing its accomplishments in serving their interests. The President said the government he leads was chosen by members of Parliament elected in a free and fair multi-party democratic election, and its primary responsibility is national peace, stability, and progress. National development means the ability to improve the socio-economic status, health, and education of the people. Achieving this goal requires the progress of both individual livelihoods and the national economy, alongside an increase in income. Health and education are vital for socio-economic development.

A review of the country's education sector shows two distinct periods: the pre-independence and post-independence eras. Leading up to the loss of independence, the country suffered from a lack of an efficient education system. Meanwhile, other countries were practicing systematic education at that time. There were flaws in education during the pre-independence period due to the struggle to regain independence. The education sector then experienced hardships during the post-independence period due to political disagreements and ethnic conflicts.

Later, the country launched the "Three Rs" movement to end illiteracy. During the period when school attendance rates were low, the majority of the population faced educational weaknesses. However, world-class professionals emerged from the minority who received a quality education. Today, the country has a number of doctorate degree holders skilled in their respective subjects; some obtained their PhDs from domestic universities rather than foreign ones. Likewise, there are individuals who were conferred D.Sc. degrees by foreign universities. Therefore, educational reforms are required to ensure educational development for the majority.

In the past, primary education was made compulsory, but it did not become an inclusive program. The 2024 population and housing census indicates continuing weaknesses in the country's education sector.

Therefore, in order to develop the country's education sector, during the tenure of responsibility the government has transformed the system into a compulsory education system up to KG+9. To ensure the continued development of the education sector, it is necessary to increase the State investment in education sector. In the 2026-2027 financial year, 6.92 percent of the State budget has been allocated to the Ministry of Education, and when education-related expenditures of other ministries are included, a total of 9.22 percent of the State budget will be spent on the education sector. In the upcoming financial year, the budget allocation for the education sector will be increased to no less than 10 percent of the national budget, and within the following year, it will be further raised to 15 percent. Over the five-year term of the government, spending on education will be increased to up to 20 percent of the national budget. Such investment in the education sector represents an investment in the country's future development.

Due to weaknesses in the education sector, a lack of knowledge has also led to poor health conditions. Similarly, deficiencies in skills have resulted in limited job opportunities, low income, and an inability to afford nutritious food. It is also found that the country's life expectancy remains lower compared to neighbouring and regional countries. When reviewing the causes of these conditions, it is evident that they are primarily rooted in weak economic development and a lack of peace and stability in the country. Therefore, it is necessary for all to work together to address and improve these issues.

It is necessary for improvement of the sports sector with the plans to provide aid for the youth to be able to take physical exercises and for the youth of learning age to systematically carry out physical exercises and sports activities at the basic education schools. Moreover, it is necessary to arrange supply of nutritious foods for them. Likewise, the President urged all to manage the improvement of morality, and disciplines and good perception of youth. In order to improve the education sector, efforts must be made to increase the school entrolment in regions and states and raise the grade changing rate.

Although schools have been

See Page - 19►►

►► From Page - 18

opened across different periods, it is observed that some basic education schools do not meet the required standards according to their designated levels. It is necessary for basic education schools to have proper spaces for students to engage in sports activities. Therefore, all basic education schools must be upgraded to meet the established standards. Such improvements will help foster better foundational values among young people. As the saying goes, **"Discipline of the nation begins at school,"** it is essential that basic education schools nurture young people who possess patriotism and good discipline. For the future of the country, reforms should begin from basic education schools. Since investment in education is the most valuable investment for a nation, relevant ministries, as well as regional and state governments, need to work together in a coordinated manner to carry out these improvements.

When educational weaknesses lead to a lack of knowledge, it can result in political problems, as seen in the 2020 election. After 2021, PDF terrorists emerged, and they chose the path of armed struggle due to dissatisfaction with the election results at that time. It is also stated that this situation arose because domestic and foreign political actors exploited the weaknesses in the country's education system and incited unrest for their own interests. Therefore, it is necessary to strengthen the country's education sector in order to raise the mindset of citizens and improve their way of thinking.

Similarly, in order to maintain good health, it is necessary for the public to be able to consume nutritious food. To enable such consumption, people need to have a stable daily income. Likewise, sufficient production of meat and fish at the local level is also required. To further develop the agriculture and livestock sectors, agricultural and livestock breeding institutes as well as universities are being established and offering education and training.

**Everyone needs to carry out State's economic development with wider scope of knowledge**

The economic development is of great importance for development of the nation. Myanmar operates the economic activities based on agriculture and livestock sectors. Some 31 percent fo the people are residing in the urban while some 70 percent of population live in the rural areas. Of them, some 50 percent of the population is engaging in agriculture, livestock, forest and fisheries businesses. Hence, it is necessary to have greater development in agriculture and livestock sectors. According to the press release, the poverty rate of Myanmar is higher among the regional countries. In this regard, rural people are suffering impacts of poverty. As such, only when the government strives to improve the economy of the rural people will they have increased income and enjoy improvement of socio-economic lives. Consequently, the poverty rate will decline. Hence, it is necessary to encourage agricultural and livestock activities in order to improve the economy.

He stated that to develop human resources for the nation's agricultural and livestock sectors, basic vocational subjects in industrial, agricultural, and livestock farming will be taught at the middle school level, and technical, agricultural, and livestock high schools will be expanded. He emphasized that regions and states must also prioritize and work together to cultivate these essential human resources.

Then, he stated that for national economic development, it is essential to generate products. He noted that by working to increase production, domestic needs can be met and exports can be expanded. He emphasized that since increasing exports leads to significant foreign exchange earnings, it is imperative to boost production. Furthermore, he urged all regions and states to collaborate in improving local production according to their specific areas.

He also stated that the State is providing support as much as possible to ensure the availability of inputs required for agricultural and livestock production. Regarding these inputs, he emphasized the need to implement solar-powered river water pumping projects to ensure sufficient water supply. He noted the necessity of pursuing renewable energy projects, such as hydropower and solar energy production, within the country. Furthermore, he highlighted that the ongoing efforts to increase electricity generation are fundamentally aimed at national development. Also, he stated that if the public also cooperates in implementing these major projects for national interest, national development can be achieved with great momentum. He noted that Micro, Small, and Medium Enterprises (MSMEs) are very important in efforts to increase production. Similarly, he emphasized the need to improve production through a cooperative system. He added that MSME activities can be carried out either through the cooperative system or by individuals. He then stated that raw materials, capital, inputs, and human resources are essential for manufacturing operations. He noted that rather than purchasing raw materials from abroad, it would be far more beneficial to carry out production using locally available materials. He pointed out that an observation of current MSME operations reveals that those utilizing local raw materials are showing more significant progress. Furthermore, he mentioned that the State is providing the necessary initial capital loans and implementing required relaxations to support the advancement of MSME businesses.

To support MSME development, efforts are underway to strengthen human resources by upgrading suitable science schools into universities and colleges, while expanding universities and polytechnic institutions. At the same time, quick-win initiatives are being implemented to deliver immediate benefits. Emphasis is placed on practical action, with Union Ministers and Region and State Chief Ministers urged to actively create job opportunities. Myanmar's cotton sector is identified as a key driver of industrial growth, as cotton-based manufacturing can generate continuous value chains and employment across multiple levels—from raw cotton to cotton fabrics, yarn and textile production. Similarly, developing manufacturing industries based on abundant natural resources such as bamboo and rubber could significantly contribute to economic growth. The production of high-quality horticultural crops, including mango, durian, rambutan, pepper, and pomelo, is also being promoted as part of broader development efforts.

For sustainable economic progress, systematic agriculture and livestock farming are essential to ensure sufficient food supply across regions and states. Achieving self-sufficiency through local production and consumption can help stabilize and reduce the prices of meat and fish. Observations from remote areas indicate that high prices are largely due to reliance on externally sourced animal feed, which limits local livestock production. By producing animal feed locally—using corn, broken rice, and rice bran—and adopting more systematic livestock practices, communities can improve supply and reduce costs. Overall, high prices are driven by supply-demand imbalances and high production costs.

In today's digital era, relevant ministries must work to ensure the country keeps pace internationally. Strengthening grassroots education is essential, while those with higher education must strive to compete globally in IT and digital technology sectors.

As the country continues along the path of democracy, both support and criticism are inevitable. It is therefore essential to remain committed to serving the interests of the nation and its people with integrity and without corruption.

**Only when stability has been restored, can development be realized**

In connection with peace, it can be seen that so-called PDF terrorist groups are committing various acts of sabotage in some areas of the country and most of them are serving their own interest by extorting money, collecting passage fees and illegally exploiting forest resources and regional above- and underground natural resources. They are the products of the results of resorting to armed terrorist means without solving political issues caused by the results of voting irregularities during the 2020 multi-party general election through political means. At present, a democratically elected government has been performing duties of the State and measures will be taken to invite so-called PDF terrorists to return to the legal fold.

**Matters to be addressed by the government within 100 days starting today**

Then, the President talked about tasks to be prioritized during the first 100-day of the government, saying **"When we talk about a 100-day period, it is easy to remember because today is the 20th of April. It is easy to remember. The period of time until 31 July must be designated as the first 100-day of the government. I want to talk a little about the 100-day period, which will last until 31 July. In connection with the so-called PDFs I talked about, they have told us that they will return to the legal fold to engage in dialogue for peace. Currently, they are returning to the legal fold en masse. In areas under Central Command and Southern Command, they are returning to the legal fold en masse. Hundreds more PDFs are returning to the legal fold in areas under Central Command. This is because they are calling for their return to the legal fold. We have already welcomed them. As for PDFs, they must come for peace within the 100-day.**

**There are two parts in connection with EAOs. On one hand, there are signatories and non-signatories to the NCA among EAOs. So, we will invite both groups. We will invite groups which are non-signatories to the NCA. We will invite them to hold talks before 31 July. It is an arrangement of non-signatories to the NCA. We will issue a statement tomorrow. I would like to talk about it in advance. On the other hand, there are signatories to the NCA, some of which have never held talks during the previous five-year period although they signed the agreement. For example, we will invite groups like the KNU, CNF and ABSDF. We will invite EAOs to talk about what they want to do. Then, there are some signatories to the NCA, which have reached further agreements, for example, the 43-point agreement. Among EAOs, which have continued to hold talks, some have reached agreements on the Union Accord. We will submit the agreement to the upcoming Pyidaungsu Hluttaw and necessary measures will be taken phase by phase. We will invite groups, which have not held talks, to engage in dialogue before 31 July. We cherish peace too. Without the stability of the country, we can't do anything about development. Only when efforts are made for peace and stability has been restored, can**

See Page - 21►►

# Rosatom to restart work at Iranian Bushehr Nuclear Plant once peace returns – CEO



TASHKENT April 20

Russian state nuclear corporation Rosatom plans to resume construction of new units at the Bushehr Nuclear Power Plant in Iran as quickly as possible once peace is restored, the company's CEO Alexey Likhachev said on Monday.

"Our most important task, once peace is restored in the region, is to restart construction as quickly as possible and move forward with the facility," Likhachev told reporters.

Rosatom has evacuated over 600 Russian employees from the Bushehr Nuclear Power Plant to Russia following the start of strikes on Iran, Likhachev said.

"Of course, we all want peace, we all want consensus, but for now, the signals coming from both the American and Israeli sides are too contradictory to expect any reconciliation in the Middle East in the coming days. Therefore, we justifiably completed the evacuation; more than 600 people have been evacuated to Russia since the military actions began," Likhachev told journalists.

According to him, only 20 volunteers remain at the Bushehr Nuclear Power Plant site, and 4 others stayed in Tehran. "Their task is to maintain the infrastructure, and they are responsible for staying in touch with the local client, who, by the way, has also suspended all construction activities," Likhachev added.

**Sputnik**

# Pakistan, Iran FMs discuss ceasefire efforts, regional stability

ISLAMABAD April 20

Pakistan's Foreign Minister Mohammad Ishaq Dar on Monday spoke with his Iranian counterpart Seyed Abbas Araghchi and discussed ceasefire efforts and regional stability, the Foreign Office said.


Dar stressed the need for continued dialogue and early engagement to resolve pending issues through diplomatic channels and promote peace in the region.

Both sides agreed to remain closely engaged, said the office.

This was the second contact between the two foreign ministers in less than 24 hours, reflecting intensified diplomatic efforts as Pakistan continues to support peaceful resolution of regional tensions.

**Xinhua**

# Japan's quake magnitude revised up to 7.7, tsunami observed: JMA




TOKYO April 20

The magnitude of the earthquake that struck northeastern and northern Japan on Monday afternoon has been revised up to 7.7 from 7.5, according to the Japan Meteorological Agency (JMA).

Tsunami waves have been observed off the Pacific coasts of Hokkaido, Aomori and Iwate prefectures, with Kuji Port in Iwate Prefecture recording an 80-cm wave, while Miyako Port, also in the prefecture, measured a 40-cm wave.

A man in his 60s in Hachinohe, Aomori Prefecture, has been taken to the hospital after falling down the stairs at his home, Kyodo News reported, citing the local fire department.

According to the Ministry of Internal Affairs and Communications, evacuation orders have been issued for more than 170,000 people in Hokkaido, Aomori, Iwate, Miyagi and Fukushima prefectures, with residents in the affected areas urged to move to higher ground.

No abnormalities have been reported so far at the Higashidori and Onagawa nuclear plants in Aomori and Miyagi prefectures, respectively, or at the Fukushima Daiichi and Daini nuclear power plants in Fukushima Prefecture, according to their operators.

The earthquake has disrupted transportation, including the suspension of Tohoku Shinkansen bullet train services between Tokyo and Shin-Aomori stations.

The powerful temblor occurred at 4:53 p.m. local time on Monday off the Sanriku coast at a depth of 20 km, measuring upper 5 on Japan's seismic scale of 7 in the hardest-hit areas in Aomori Prefecture, said JMA.

The quake's epicenter was located at a latitude of 39.8 degrees north and a longitude of 143.2 degrees east. Its magnitude was initially estimated to be 7.4 but was later revised up twice.

Shortly after the quake, the weather agency warned of similarly strong quakes within the coming week.

**Xinhua**

# U.S. delegation to arrive in Pakistan's Islamabad within hours for talks with Iran -- report

WASHINGTON April 20

U.S. Vice President JD Vance and the U.S. delegation for peace talks with Iran will arrive in Islamabad within hours, the New York Post reported Monday.

The newspaper cited U.S. President Donald Trump as telling it in a brief interview that the delegation is en route to the Pakistani capital for a second round of negotiations with Iran.

**Xinhua**

# U.S. gov't begins refunding tariffs to businesses

NEW YORK April 20

U.S. Customs and Border Protection (CBP) on Monday launched the first phase of a new claims system that will allow importers to seek repayment of tariffs collected under the International Emergency Economic Powers Act (IEEPA).

Companies and their customs brokers can submit refund requests through CBP's Automated Commercial Environment (ACE) portal using a newly developed tool known as the Consolidated Administration and Processing of Entries, or CAPE, starting Monday.

Once a claim is validated, CBP will recalculate the duties without the IEEPA tariffs and reliquidate the entries, triggering repayment. The refunds will be paid directly to the businesses that originally paid the tariffs, local media reported Monday.

Valid refunds will generally be issued within 60 to 90 days after a claim is accepted, CBP said, though more complex cases could take longer.

CBP is rolling out the refund process in phases. Court filings show that more than 330,000 importers paid duties on over 53 million shipments, totaling roughly 166 billion U.S. dollars.

The Supreme Court ruled in February that U.S. President Donald Trump's sweeping tariffs under IEEPA are unconstitutional. It is Congress, not the president, that holds authority over such taxes.

Following the ruling, a judge at the U.S. Court of International Trade directed CBP to remove the tariffs from affected entries and refund any excess duties collected, along with interest.

**Xinhua**

►► From Page - 19

**development tasks be carried out. If development measures are followed by acts of sabotage, this amounts to fawns born just to be devoured by tigers. In our opinion, therefore, it would be wrong for some groups to work for the survival of them by calling for impossible demands for peace. We will have to take necessary measures as a state actor. Among EAOs, therefore, we invite both signatories and non-signatories to the NCA for peace. We will hold talks before 31 July. In connection with PDFs, we invite them to return to legal fold during the period. They do not have reasonable political grounds and as I said in the introduction, they are just being exploited. So, I would like to tell them to lead lives without being exploited.**

Subsequently, the President announced that within 100 days from today, the government, through the Ministry of Finance and Revenue, will implement a plan to increase loan rates for farmers by issuing more loans. For example, loans for paddy, wheat, and long-staple cotton will be increased up to Ks-300,000; for 18 other crops, up to Ks-250,000; and for sesame, oilseed mustard, and jute, up to Ks-150,000. Similarly, for agricultural machinery loans, up to Ks-300 million will be provided per sector, and amounts exceeding Ks-300 million will also be covered per sector. Regarding transportation, Anisakham airport will be upgraded to completion. To double exports, the Ministry of Transport and the Myanmar Port Authority will prioritize the construction of warehouses. Likewise, to improve railway lines, all railroads will be upgraded as much as possible, and currently, the Yangon-Mandalay, Yangon-Mawlamyine, and Yangon-Pyay routes will be upgraded. On the Myitkyina-Mogaung-Mohnyin railway line, bridge repairs and track maintenance will be carried out. In addition to railways, locomotives, carriages, and factories will also be upgraded. In the telecommunications sector, 27 new mobile towers will be expanded within the next 100 days, and 9 mobile towers will be upgraded to 4G LTE. The Ministry of Cooperatives and Rural Development will undertake rural water supply projects and provide drinking and irrigation water through solar-powered water pumping systems. The Ministry of Education will establish pilot universities to enhance research capacity, primarily designating Nay Pyi Taw State Academy, Yangon University, and Mandalay University as pilot universities for research and activation activities. Starting from the 2026-2027 academic year, industrial, agricultural, and livestock subjects will be introduced at the secondary education level. Civics and moral education will also be taught in basic education schools, primarily to instill high ethical standards in youth. To foster well-rounded schools with fivefold development, the Smart School and Football for School Program will be implemented in collaboration with the Ministry of Sports and the Ministry of Youth Affairs and the Myanmar Football Federation within 100 days as a pilot project in schools in Yangon Region, Mandalay Region, Ayeyawady Region, Bago Region, and Shan State. Preschools will also be upgraded. The Ministry of Health will appoint deputy health directors in 50 states/regions, districts, and townships to carry out health promotion activities. In collaboration with China, heart disease prevention risk assessments and treatments will be provided for 100,000 patients at cardiology departments in Nay Pyi Taw, Yangon, and Mandalay. Nursing schools in regions and states will be upgraded to nursing institutes. The government will also work on the development of various other sectors.

The government stated that in working for the benefit of the country, it will combine individual experiences to achieve the best outcomes and strive for the nation and the people's welfare. The President urged everyone to work with the mindset of doing what is best for the country.

Afterward, during general discussions, Union Ministers and the Kachin State Chief Minister presented matters concerning written submissions to the Union Government, MoUs, MoA contracts, tender invitations, the implementation of on-site citizenship verification cards for children reaching age 10, the expansion of eID data collection activities, and public awareness issues regarding the Ayeyawady River confluence.

The President reviewed and discussed the presentations and concluded with remarks emphasizing the need for strong factual evidence in submissions. He stressed that tenders must meet specified quality standards and avoid delays, that work must be carried out correctly, and that development efforts should prioritize lagging regions and states for reconstruction and development projects.

In addition to education, health, and transportation sectors, the government will rehabilitate government buildings, roads, bridges, and communication infrastructure damaged by natural disasters and conflicts. Furthermore, efforts must be made to quickly complete civil servant housing complexes damaged by earthquakes. State funds must be used systematically, efficiently, and without waste for maximum benefit. The meeting was then concluded.

**100**

# Farmers harvest all rainfed paddy in Monywa Township

MONYWA April 20

Monywa Township Department of Agriculture mentioned that local farmers have harvested all sown acreage of rainfed paddy in Monywa Township of Sagaing Region.

They planted 4,008 acres of rainfed paddy in Monywa Township. Starting from November 2025, they harvested the crops and so far, they have harvested all sown acreage of paddy, yielding 85.44 baskets per acre.

"In Monywa Township, a total of 4,008 acres of rainfed paddy were cultivated. At present, harvesting has been completed on 100 percent of the cultivated acreage. Necessary agricultural techniques and quality seeds were provided for monsoon paddy cultivation. Field visits were also carried out to help farmers plant their crops on time," said U Soe Thet Aung, Head of the Township Department of Agriculture in Monywa Township.

It is reported that during the monsoon cropping season in Monywa Township, the Township Department of Agriculture and local farmers cooperated to ensure systematic cultivation of monsoon paddy without difficulties.

Monsoon paddy farmers in the township were provided with agricultural technical assistance, pest prevention and control education, awareness to prevent crop losses, and guidance to ensure harvested paddy was transported under shelter in a timely manner.

To achieve successful cultivation and good yields from the monsoon paddy fields in Monywa Township, staff from the Township Department of Agriculture have been conducting field-level support activities, including selecting high-quality and pure seed varieties, pest surveillance, harrowing and weeding, rogueing of off-type plants, and systematic application of fertilizers.

**SMK**

# Pantanaw Township supplies large volume of taro to Yangon market

PANTANAW April 20

Local businesspersons from Pantanaw Township of Ayeyawady Region sent a large volume of taro to Yangon market said Daw Aye Maw, the owner of green grocery trader in Pantanaw Township.

They could send 66,000 viss of taro to Yangon market.

"Over the past month, up to 66,000 viss of taro have been shipped and sold to the Yangon market. The taro exported from Pantanaw Township is of good quality. From Pantanaw, we mainly send agricultural products to the Yangon market. As buyers in Yangon are purchasing large quantities of taro produced in our region, shipments have increased. These are locally grown taro cultivated by farmers from this area," said Daw Aye Maw.

It is reported that during the past month, taro exported from Pantanaw Township to the Yangon market has been priced at up to Ks-72,000 per 10 viss. As sales of taro have improved, farmers, traders, cargo handlers, and freight vehicle rental operators are gaining job opportunities.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## မျက်မှောက်ကာလ အရှေ့အလယ်ပိုင်းရေးရာ

နိုင်အောင်စုစည်းသည်



# အရှေ့အလယ်ပိုင်းရှိ အမေရိကန်တပ်များအတွက် အိပ်မက်ဆိုးတစ်ခုအဖြစ် ထွက်ပေါ်လာနိုင်သည့် အဆင့်မြှင့်တင်ထားသော Shahed ဒရုန်းများ

အီရန်နှင့် အမေရိကန်တို့အကြား ဟော်မုဇ်ရေလက်ကြားအရေးနှင့် စပ်လျဉ်း၍ တင်းမာနေစဉ် အီရန်နိုင်ငံအတွင်းမှ လွှတ်တင်လိုက်သည့် Shahed ဒရုန်းတစ်စင်း၏ တိုက်ခိုက်မှုကြောင့် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အမေရိကန်သံရုံး၌ မတ်လ ၁၇ ရက်တွင် ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုကို အီရန်တပ်မတော်က လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါတိုက်ခိုက်မှုမဖြစ်ပွားမီ သီတင်းပတ်နှစ်ပတ်အလိုတွင်လည်း ဆော်ဒီအာရေဗျနိုင်ငံရှိအမေရိကန်သံရုံးနှင့်အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့ရှိ အမေရိကန် ကောင်စစ်ဝန်ရုံးတို့သည် Shahed ဒရုန်းများ၏ တိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။

အီရန်နိုင်ငံက အသုံးပြုလျက်ရှိသည့် အဆိုပါဒရုန်းများသည် အရှေ့အလယ်ပိုင်းဒေသအတွင်းရှိအမေရိကန်လေတပ်အခြေစိုက်စခန်းများကိုလည်း တိုက်ခိုက်နိုင်ခဲ့ပြီး ရပ်နားထားသည့်အမေရိကန်စစ်လေယာဉ်များကိုပင် တိုက်ခိုက်ဖျက်ဆီးပစ်ခြင်းအားဖြင့် အဆိုပါဒရုန်းများ၏ အံ့သြဖွယ်ကောင်းသောပစ်မှတ်တိကျမှုနှင့် အလှမ်းဝေးကွာသောပစ်မှတ်များကိုပါ ပစ်ခတ်နိုင်စွမ်းကို သက်သေပြသနိုင်ခဲ့သည်။

ရုရှားနိုင်ငံသည် ယူကရိန်းစစ်ပွဲအစပိုင်းတွင် အီရန်နိုင်ငံမှ အဆိုပါ Shahed ဒရုန်းများကို တင်သွင်းခဲ့သော်လည်း နောက်ပိုင်းတွင် အီရန်မှလိုင်စင်ရယူပြီး ကိုယ်တိုင်ထုတ်လုပ်လျက်ရှိသည့်အပြင် ဒရုန်းပုံစံသစ်များကိုလည်း အဆင့်မြှင့်တင်မှုများလုပ်ဆောင်လျက်ရှိကြောင်း နိုင်ငံခြားရေးမူဝါဒနှင့် လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းကြီးတစ်ခုဖြစ်သည့် Henry Jackson Society မှပညာရှင်တစ်ဦးဖြစ်သူ ဒေးဗစ်ကီရစ်ချန်ကိုက ပြောကြားထားသည်။

စင်စစ်တွင် ရုရှားနိုင်ငံသည် အီရန်နိုင်ငံက ထုတ်လုပ်သည့် ရှုပ်ထွေးလှသောတိုက်ခိုက်ရေးဒရုန်းအမျိုးအစားပေါင်းစုံကို အတုယူလုပ်ဆောင်ခြင်းမပြုဘဲ Shahed ဒရုန်းတစ်မျိုးတည်းကိုသာ အကောင်းဆုံးဖြစ်စေရေး မွမ်းမံရန် အာရုံစိုက်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ယခုအခါရုရှားနိုင်ငံသည်ဒရုန်းထုတ်လုပ်သည့် စက်ပစ္စည်းများကို အီရန်နိုင်ငံသို့ ပြန်လည်တင်ပို့ပေးလျက်ရှိသည်။ အဆင့်မြှင့်တင်ထားသည့် ဒရုန်းနည်းပညာများကြောင့် အဆိုပါ Shahed ဒရုန်းများသည် ယခုအခါ အရှေ့အလယ်ပိုင်းဒေသသို့ ပြန်လည်ရောက်ရှိလာပြီး အမေရိကန်တပ်ဖွဲ့များအား ခြိမ်းခြောက်လာသည့် အစွမ်းထက်လက်နက်များအဖြစ် ထွက်ပေါ်လာစေလျက်ရှိသည်။

အခြေခံအားဖြင့် Shahed–136 ဒရုန်းတစ်စင်းသည် အလေးချိန် ၄၄၀ ပေါင်ရှိပြီး တောင်ပံ အကျယ် ၇ ပေရှိသည်။ ဒရုန်းတွင် မြင်းကောင်ရေ ၅၀ အားရှိသည့် ပစ္စတင်အင်ဂျင်ကို အသုံးပြုထားသောကြောင့် တစ်နာရီလျှင် ၁၂၀ မိုင်နှုန်းဖြင့် ပျံသန်းနိုင်သည်။ အားနည်းချက်မှာ အဆိုပါဒရုန်းများသည် ပထမကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သည့် လေယာဉ်များကဲ့သို့ ပျံသန်းခြင်းကြောင့် ရန်သူက ၎င်းတို့အား ပစ်ချရလွယ်ကူခြင်းဖြစ်သည်။

သို့သော် Shahed ဒရုန်းများ၏ အဓိကအားသာချက်မှာ အရေအတွက်ဖြစ်ပြီး အဆိုပါဒရုန်းများကို အုပ်စုလိုက်လွှတ်တင်လေ့ရှိသောကြောင့် ဒရုန်းအများစုမှာ ရန်သူ၏ပစ်ချခြင်းကိုခံရသော်လည်း အချို့ဒရုန်းများမှာမူ ရန်သူ၏ကာကွယ်ရေးစနစ်များကို ဖောက်ထွက်ပြီး ပစ်မှတ်ကိုထိမှန်သွားလေ့ရှိသည်။

ရုရှားနိုင်ငံသည် ရန်သူ၏လေကြောင်းရန်ကာကွယ်ရေးစနစ်အား ထိုကဲ့သို့ ဖောက်ထွက်နိုင်ပြီး အရေအတွက်အများအပြားကို အသုံးပြုခြင်းဖြင့် ရန်သူအပေါ် ထိခိုက်မှုပိုမိုပြင်းထန်လာစေရန်အတွက် အဓိကထားလုပ်ဆောင်နေခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသည် ပုံမှန်မီးခိုးရောင်ဒရုန်းအစား အမည်းရောင် Shahed ဒရုန်းများကို စတင်အသုံးပြုလာခဲ့သည်။

အဆိုပါဒရုန်းများ၏ ဆေးသားအတွင်း၌ ရေဒါလှိုင်းများကိုစုပ်ယူနိုင်သည့် ကာဗွန်အမှုန်အမွှားများပါဝင်နေပြီး ၎င်းနည်းပညာသည် ရိုးရှင်းသောကိုယ်ပျောက်နည်းပညာတစ်ခုပင်ဖြစ်ကြောင်း ယူကရိန်းလေတပ်မှ ပြောရေးဆိုခွင့်ရှိသူ ယူရီအင်နက်က ပြောကြားထားသည်။ ထို့ကြောင့်ပင် အမည်းရောင် Shahed ဒရုန်းများကို ရေဒါမှတစ်ဆင့်ရှာဖွေရာတွင် ပိုမိုခက်ခဲသွားစေခြင်းဖြစ်သည်။

ထို့ပြင် Shahed ဒရုန်းများ၏ ပုံစံကွဲများသည် ယခုအခါ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာလျက်ရှိပြီး အခိုင်အမာတည်ဆောက်ထားသည့် နေရာများကို ဖောက်ခွဲနိုင်သည့် ဒရုန်း၊ မီးလောင်စေသော စနစ်များတပ်ဆင်ထားသည့်ဒရုန်း၊ သာမိုဘာရစ်ဒရုန်းတို့ပါဝင်လာခဲ့ပြီဖြစ်သည်။

သာမိုဘာရစ်ဒရုန်းတွင် ပုံမှန်ယမ်းအစား သာမိုဘာရစ်အရောအနှောကို အသုံးပြုထားခြင်းကြောင့် ပေါက်ကွဲသည့်အခါ လေထုအတွင်း၌ ပေါက်ကွဲစေတတ်သော တိမ်တိုက်ကိုဖြစ်ပေါ်စေပြီး ပုံမှန်ယမ်းများထက် ပိုမိုပြင်းထန်သော လေဖိအားလှိုင်းကို ထွက်ပေါ်စေသည်။ ထို့ကြောင့် အဆိုပါဒရုန်းအမျိုးအစားသည် ရန်သူ၏ အဆောက်အအုံများကို တိုက်ခိုက်ဖျက်ဆီးရာတွင် အလွန်ထိရောက်မှုရှိသည်။

အချုပ်အားဖြင့်ဆိုရပါမူ ရုရှားနိုင်ငံသည် Shahed ဒရုန်းများ၏ ကိုယ်ပျောက်စနစ်၊ လမ်းကြောင်းရှာစနစ်နှင့် လှိုင်းနှောင့်ယှက်မှုဒဏ် ခံနိုင်ရည်ရှိမှုတို့ကို မြှင့်တင်ပေးခြင်းအားဖြင့် အဆိုပါဒရုန်းများအား ပိုမိုအစွမ်းထက်စေရန်လုပ်ဆောင်နိုင်ခဲ့သည်။ အဆိုပါလုပ်ဆောင်ချက်များကြောင့် အနာဂတ်ကာလ၌ ဆက်လက်ထွက်ပေါ်လာမည့် အီရန်လုပ်ဒရုန်းမူကွဲအသစ်များကို ရန်သူက အလွယ်တကူကြားဖြတ်တားဆီးရန် ပိုမိုခက်ခဲသွားစေနိုင်သည့်အပြင် အကယ်၍ အီရန်နှင့် အမေရိကန်တို့အကြား ခိုင်မာသည့်သဘောတူညီချက်ချမှတ်နိုင်ခြင်းမရှိပါက အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန်တပ်များအတွက် အိပ်မက်ဆိုးတစ်ခုအဖြစ် ထွက်ပေါ်လာမည့် အလားအလာရှိနေကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

Ref: PM

# ငြိမ်းချမ်းရေးအစီအစဉ်တစ်ခုရေးဆွဲရန် အမေရိကန်ကတောင်းဆိုဟု အီရန်ပြော

အရှေ့အလယ်ပိုင်းတွင်ဖြစ်ပွားနေသည့် စစ်ပွဲများကို အဆုံးသတ်နိုင်မည့် ငြိမ်းချမ်းရေးအစီအစဉ်တစ်ခုရေးဆွဲရန် အမေရိကန်အစိုးရက အီရန်နိုင်ငံအား တောင်းဆိုထားကြောင်း ရုရှားနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီး ကာဇင်ဂျာလာလီက ဧပြီလ ၂၀ ရက်တွင် ပြောကြားလိုက်သည်။

အမေရိကန်အစိုးရအနေဖြင့် အချက် ၁၅ ချက်ပါ ငြိမ်းချမ်းရေးဆွေးနွေးမှုအစီအစဉ်တစ်ရပ်ကို အီရန်နိုင်ငံသို့ပေးပို့ခဲ့ကြောင်း၊ သို့သော် ယင်းအချိန်တွင် အီရန်နိုင်ငံက အမေရိကန်တို့၏တိုက်ခိုက်မှုများကို ဆက်တိုက်တွန်းလှန်နေရသည့်အချိန်ဖြစ်ကြောင်း၊ အမေရိကန်၏ အဆိုပါအချက် ၁၅ ချက်ပါအစီအစဉ်ကို အီရန်က ချက်ချင်းပယ်ချ၍ သဘောတူနိုင်ခဲ့ခြင်းမရှိကြောင်း၊ ယင်းနောက်တွင် အမေရိကန်အစိုးရကိုယ်တိုင်က ငြိမ်းချမ်းရေးအစီအစဉ်သစ်တစ်ခုရေးဆွဲရန် အီရန်နိုင်ငံအား ကြားခံများမှတစ်ဆင့် တောင်းဆိုအကြံပြုလာခဲ့ခြင်းဖြစ်ကြောင်း Vedomosti သတင်းဌာနနှင့်ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတွင် ဂျာလာလီက ပြောကြားထားခြင်းဖြစ်သည်။

အီရန်၏ အဆိုပါပြောကြားချက်သည် အီရန်ကုန်တင်သင်္ဘောတစ်စင်းကို အမေရိကန်စစ်ဘက်က အိုမန်ပင်လယ်ကွေ့အတွင်း၌ သိမ်းဆည်းလိုက်ပြီးနောက်ပိုင်းတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံကြားချမှတ်ထားသည့် အပစ်အခတ်ရပ်စဲရေးမှာလည်း မကြာမီ သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှာ မရေမရာဖြစ်နေဆဲအခြေအနေတွင် ရှိနေသည်။

Ref: Iv



# ဟော်မုဇ်ရေလက်ကြားတွင် ပြင်သစ်ကုန်တင်သင်္ဘောတစ်စင်း သတိပေးပစ်ခတ်ခံရပြီး အနည်းငယ်ပျက်စီး

Everglade ဟု အမည်ပေးထားသည့် ပြင်သစ်ကုန်တင်သင်္ဘောတစ်စင်းသည် ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းစဉ် သတိပေးပစ်ခတ်မှုများကြောင့် ထိခိုက်ပျက်စီးမှုအနည်းငယ် ဖြစ်ပွားခဲ့ကြောင်း တူရကီယဲအခြေစိုက် အနာဒိုလူးသတင်းဌာနက ဧပြီလ ၂၀ ရက်တွင်ဖော်ပြသည်။

အဆိုပါသင်္ဘောမှာ ပြင်သစ်အခြေစိုက် CMA CGM သင်္ဘောကုမ္ပဏီမှ ပိုင်ဆိုင်သောသင်္ဘောဖြစ်ပြီး တိုက်ခိုက်မှုအတွင်း သင်္ဘောပေါ်တွင်လိုက်ပါလာသည့်ရေယာဉ်အမှုထမ်းအားလုံး၌ ထိခိုက်ဒဏ်ရာရရသူ မရှိကြောင်း သတင်းဌာနကဆက်လက်ဖော်ပြသည်။

တိုက်ခိုက်ခံရသော်လည်း ကုန်တင်သင်္ဘောမှာ ပုံမှန်အတိုင်း ဆက်လက်မောင်းနှင်နိုင်သည့်အခြေအနေတွင်ရှိနေပြီး သင်္ဘောပေါ်တွင် တင်ဆောင်လာသည့် ကွန်တိန်နာအချို့သာပျက်စီးသွားခဲ့ကြောင်း၊ တိုက်ခိုက်ခံရမှုဖြစ်စဉ်နှင့်ပတ်သက်သည့် အသေးစိတ် အချက်အလက်များကိုမူ သင်္ဘောကုမ္ပဏီက ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်းသိရသည်။

Ref: Iv



# နေတိုးအဖွဲ့ဝင်အဖြစ်မှနုတ်ထွက်ရန်နှင့် အစ္စရေးနှင့်အဆက်အသွယ် ဖြတ်တောက်ရန် စပိန်အစိုးရအား နိုင်ငံရေးပါတီတောင်းဆို

**မက်ဒရစ်၊ နိုင်ငံရေး**

စပိန်နိုင်ငံအနေဖြင့် နေတိုးအဖွဲ့ဝင်အဖြစ်မှနုတ်ထွက်ရန်နှင့် အစ္စရေးနိုင်ငံနှင့် စီးပွားရေး၊ သံတမန်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးအားလုံးကို ချက်ချင်းဖြတ်တောက်ပစ်ရန် အစိုးရအား လက်ဝဲယိမ်း ပိုဒီမို့စ်ပါတီမှ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ပက်ဘလိုဖာနန်ဒက်စ်က ဧပြီလ ၂၀ ရက်တွင် တောင်းဆိုလိုက်သည်။



ထို့ပြင် လက်ဝဲယိမ်း ပိုဒီမို့စ်ပါတီသည် စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်းချက်၏ ရပ်တည်ချက်အပေါ်ဝေဖန်ခဲ့ပြီး ဥရောပသမဂ္ဂအဖွဲ့နှင့် အစ္စရေးနိုင်ငံတို့အကြား ချုပ်ဆိုထားသောသဘောတူညီချက်ကို ရပ်ဆိုင်းရန် လုပ်ဆောင်သည့် ဝန်ကြီးချုပ်၏ကနဦးခြေလှမ်းများသည် လူအများအာရုံစိုက်လာစေရန် လုပ်ဆောင်ခဲ့သော နိုင်ငံရေးလှည့်ကွက်သာဖြစ်သည်ဟု ဖာနန်ဒက်စ်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင်ပြောကြားသည်။

ထို့အတူ စပိန်အစိုးရအနေဖြင့် ဥရောပသမဂ္ဂ၏ပါဝင်မှုကိုမစောင့်ဆိုင်းဘဲ အစ္စရေးနိုင်ငံနှင့် ကုန်သွယ်ရေး၊ အားကစားနှင့် သံတမန်ရေးရာ ပူးပေါင်းဆောင်ရွက်မှုများကို ရပ်တန့်သင့်ကြောင်း၊ တစ်ချိန်တည်းမှာပင် စပိန်နိုင်ငံက နေတိုးမဟာမိတ်အဖွဲ့နှင့် အမေရိကန်အစိုးရတို့အပေါ် မှီခိုနေရမှုနှင့် စပ်လျဉ်း၍ ၎င်းကဝေဖန်ပြောကြားခဲ့ကြောင်းသိရသည်။

အလားတူပင် စပိန်နိုင်ငံ၊ ရိုတာနှင့် မိုရွန်အခြေစိုက်စခန်းများမှ အမေရိကန်စစ်သည်များအား ရုပ်သိမ်းပေးရန်နှင့် စပိန်နိုင်ငံအနေဖြင့် နေတိုးအဖွဲ့မှ နုတ်ထွက်ရန် သို့မဟုတ် အဆိုပါကိစ္စနှင့် ပတ်သက်၍ ပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ် ကျင်းပပေးရန် ဖာနန်ဒက်စ်က တောင်းဆိုထားသည်။

Ref: Iv

# Balikatan စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ရန် ဂျပန်နိုင်ငံက စစ်သည် ၁၄၀၀ ဦးကို စေလွှတ်

**တိုကျို၊ စစ်ရေး**

ဖိလစ်ပိုင်နှင့် အမေရိကန်ပြည်ထောင်စုတို့အကြားနှစ်စဉ်ပူးတွဲကျင်းပသည့် စစ်ရေးလေ့ကျင့်မှုတွင်ပါဝင်ရန်အတွက် ဂျပန်နိုင်ငံက ၎င်းတို့၏စစ်သည် ၁၄၀၀ ဦးကို စေလွှတ်ခဲ့ကြောင်း ကျိုဒိုသတင်းဌာနက ဧပြီလ ၂၀ ရက်တွင်ဖော်ပြခဲ့ကြောင်း သိရသည်။

ဂျပန်တပ်မတော်အနေဖြင့် ယခုစစ်ရေးလေ့ကျင့်မှုတွင် ပထမဆုံးအကြိမ်အဖြစ် အပြည့်အဝပါဝင်ခဲ့ခြင်းဖြစ်ပြီး စစ်သင်္ဘောသုံးစင်းနှင့် လေယာဉ်နှစ်စင်းကိုလည်း ဖြန့်ကြက်စေလွှတ်ထားသည်။

ထို့ပြင် ဂျပန်တပ်မတော်အနေဖြင့် အဆိုပါစစ်ရေးလေ့ကျင့်မှုအတွင်း Type-88 ပဲ့ထိန်းဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်ခတ်ရန်စီစဉ်ထားကြောင်း သတင်းဌာနက ဆက်လက်ဖော်ပြထားသည်။

Balikatan ဟုအမည်ပေးထားသည့် အဆိုပါစစ်ရေးလေ့ကျင့်မှုတွင်သြစတြေးလျ၊ ကနေဒါ၊ ပြင်သစ်၊ ဂျပန်နှင့် နယူးဇီလန်အပါအဝင် နိုင်ငံ ခုနစ်နိုင်ငံမှ စစ်သည်အင်အား ၁၇၀၀၀ ကျော်ပါဝင်ပြီး မေလ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အာရှ-ပစိဖိတ်ဒေသအတွက် အလိုအပ်ဆုံးအရာသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုသာဖြစ်ပြီး ပြင်ပအင်အားစုများဝင်ရောက်လာခြင်း သို့မဟုတ် သွေးခွဲမှုနှင့် ထိပ်တိုက်ရင်ဆိုင်မှုများကို လှုံ့ဆော်ခြင်းမျိုးမဟုတ်ကြောင်း အဆိုပါစစ်ရေးလေ့ကျင့်မှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကော့ကျာကွမ်က တုံ့ပြန်ပြောကြားခဲ့ကြောင်း သိရသည်။

Ref: Xinhua



# တောင်ကိုရီးယားတွင် ကုန်တင်ကားတစ်စီးက ဆန္ဒပြသူများကိုဝင်တိုက်၊ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရ



**ဆိုး၊ မတော်တဆမှု**

တောင်ကိုရီးယားနိုင်ငံ ဂျင်ဂျူးမြို့တွင် ကုန်တင်ကားတစ်စီးက ဆန္ဒပြသူများကို ဝင်တိုက်ခဲ့ရာ လူတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းအာဏာပိုင်အဖွဲ့၏ထုတ်ပြန်ချက်ကို ကိုးကား၍ ယွန်ဟပ်သတင်းဌာနက ဧပြီလ ၂၀ ရက်တွင် ဖော်ပြသည်။

အဆိုပါဖြစ်စဉ်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၃၂ မိနစ်ခန့်တွင် ဂျင်ဂျူးမြို့ရှိ ကုန်စည်ပို့ဆောင်ရေးစင်တာတစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ ကုန်တင်ကားကြီးတစ်စီးသည် စင်တာအတွင်းမှ ထွက်ခွာရန်ကြိုးပမ်းစဉ် ဆန္ဒပြသူများက တားဆီးရန်ကြိုးစားခဲ့ရာမှ ကုန်တင်ကားက ဆန္ဒပြသူများအားဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ဆန္ဒပြသူများသည် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များသမဂ္ဂမှ အဖွဲ့ဝင်များဖြစ်သည်။

ယင်းနောက်တွင် ရဲတပ်ဖွဲ့သည် ကုန်တင်ကားမှယာဉ်မောင်းနှင့် လိုက်ပါလာသူ ခရီးသည်တစ်ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းထားပြီး စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref: Iv

# ဂျပန်နိုင်ငံ အရှေ့မြောက်ဘက် ကမ်းလွန်ပင်လယ်ပြင်တွင် ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်

**တိုကျို၊ သဘာဝဘေး**

ဂျပန်နိုင်ငံ အရှေ့မြောက်ဘက်ကမ်းလွန်ပင်လယ်ပြင်တွင် ဧပြီလ ၂၀ ရက်က ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်သွားပြီးနောက် ဆူနာမီလှိုင်းများရိုက်ခတ်နိုင်သောကြောင့် အာဏာပိုင်များက သတိပေးချက်ထုတ်ပြန်ခဲ့ရကြောင်းသိရသည်။

အဆိုပါငလျင်သည် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅၂ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ဆူနာမီလှိုင်းများသည် ဟွန်ရှူးကျွန်း မြောက်ဘက်အစွန်းရှိ အီဝါတေးနှင့် အာအိုမိုရီစီရင်စုများအပြင် ဟော့ကိုင်းဒိုးကျွန်းသို့ရိုက်ခတ်နိုင်သည်ဟု ခန့်မှန်းထားခြင်းကြောင့် ဒေသခံများအား ကမ်းခြေဒေသများနှင့် ဝေးဝေးတွင်နေကြရန် အာဏာပိုင်များက တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီး တစ်နာရီအတွင်းမှာပင် အမြင့် ၈၀ စင်တီမီတာရှိသောဆူနာမီလှိုင်းများကို စတင်တွေ့ရှိခဲ့ရပြီး သုံးမီတာအထိ မြင့်မားနိုင်သည့် လှိုင်းလုံးများရိုက်ခတ်နိုင်သောကြောင့် တာဝန်ရှိသူများက သတိပေးချက်များ ထုတ်ပြန်ထားခဲ့ရသည်။

ထို့ပြင် ၂၀၁၁ ခုနှစ်အတွင်းက ငလျင်နှင့် ဆူနာမီဒဏ်ကို ပြင်းထန်စွာခံခဲ့ရသည့် အိုဆူချီနှင့် ကာမာအီရှီအပါအဝင် ဆိပ်ကမ်းမြို့အချို့တွင် ဒေသခံထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် အာဏာပိုင်အဖွဲ့က တိုက်တွန်းထားကြောင်း NHK သတင်းဌာန၏ဖော်ပြချက်အရသိရသည်။

Ref: JT

# မော့ဆက်အဖွဲ့အတွက် သူလျှိုလုပ်ပေးသူဟုယူဆရသူ အမျိုးသားနှစ်ဦးအား အီရန်ကွပ်မျက်

**တီဟီရန်၊ ရာဇဝတ်မှု**

အစ္စရေးထောက်လှမ်းရေးအဖွဲ့ဖြစ်သည့် မော့ဆက်အတွက် သူလျှိုလုပ်ပေးသူဟုယူဆရသူ အမျိုးသားနှစ်ဦးအား အီရန်နိုင်ငံက ကွပ်မျက်လိုက်ကြောင်း ဧပြီလ ၂၀ ရက်တွင် ထုတ်ပြန်သည်။

မိုဟာမက်မာဆွန်ရှာဟီးနှင့် ဟာမက်ဝါလီဒီတို့နှစ်ဦးအား အီရန်တရားရုံးချုပ်တွင် ကြားနာစစ်ဆေးမှုများလုပ်ဆောင်ပြီးနောက် ဧပြီလ ၂၀ ရက် နံနက်ပိုင်းတွင် ကွပ်မျက်လိုက်ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံတကာသတင်းဌာနက ဖော်ပြသည်။

၎င်းတို့နှစ်ဦးသည် အစ္စရေးထောက်လှမ်းရေးအရာရှိများနှင့် အင်တာနက်မှတစ်ဆင့်လည်းကောင်း၊ အီရတ်ကာ့ဒစ်စတန်ဒေသသို့သွားရောက်သည့် ခရီးစဉ်များအတွင်း၌လည်းကောင်း ဆက်သွယ်ခဲ့ကြကြောင်း တရားရုံးချုပ်၏ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် ၎င်းတို့နှစ်ဦးသည် အကြမ်းဖက်လုပ်ငန်းစဉ်ဆိုင်ရာ သင်တန်းများတက်ရောက်ခဲ့သည့်အပြင် စစ်ဘက်ဆိုင်ရာနှင့် အများပြည်သူဆိုင်ရာ အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်းနှင့် အရေးကြီးသောပစ်မှတ်များ၏တည်နေရာများကို အစ္စရေးထောက်လှမ်းရေးအဖွဲ့ထံသို့ ပေးပို့ခြင်းများကိုလုပ်ဆောင်ခဲ့ကြပြီး လုပ်အားခအဖြစ် ဒစ်ဂျစ်တယ်ငွေကြေးများကို လက်ခံရရှိခဲ့ကြကြောင်း သိရသည်။

အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီနှင့် မော့ဆက်အဖွဲ့တို့သည် အီရန်နိုင်ငံ၏ခေါင်းဆောင်သစ် မော့ဂျ်တာဘာခါမေနီ၏လှုပ်ရှားမှုများကို စောင့်ကြည့်လျက်ရှိပြီး ၎င်းအနေဖြင့် လူထုအခမ်းအနားများတွင် ပေါ်ထွက်လာခြင်းမရှိသည့် အကြောင်းရင်းများကိုစုံစမ်းရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref: Iv

# ပဲခူးမြို့၌ ဓမ္မသဘင်တရားသိမ်းအောင်ပွဲကျင်းပ


ပဲခူး ဧပြီ ၂၀

ပဲခူးမြို့၌ ဆင္ဘမအကြိမ်မြောက် မြန်မာနှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်တရားသိမ်းအောင်ပွဲကို ယမန်နေ့ညပိုင်းက ပဲခူးမြို့ ရုံးကြီးရပ်ကွက် ဆေးရုံလမ်းနှင့် ပြည်တော်သာလမ်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှေ့ရှိ မြန်မာနှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်မဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာများမှ တရားနာပရိသတ်များက ပဲခူးမြို့ သာသနာ့ဇောတိကစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဇနိတ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပဲခူးမြို့ သာသနာ့ဇောတိကစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနိတ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)က "သြဝါဒကထာ" တရားခေါင်းစဉ်ဖြင့် ဟောကြားတော်မူပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဓမ္မပူဇာအလှူငွေကျပ် ၇၅ သိန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

(၄၁၀)



# သက်ကြီးအဘိုး၊ အဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် အခမဲ့မျက်စိစမ်းသပ်ကုသပေးခြင်းနှင့် သွားတုအံကပ်တပ်ဆင်ပေးနေမှု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

မကွေး ဧပြီ ၂၀

မကွေးတိုင်းဒေသကြီးအတွင်းရှိသက်ကြီးဘိုးဘွားများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်နိုင်စေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးတွင် အခမဲ့မျက်စိစမ်းသပ်ကုသပေးခြင်းနှင့် သွားတုအံကပ်များ အခမဲ့တပ်ဆင်ပေးလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ငွေ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သက်ကြီးအဘိုး၊ အဘွားများအား အထူးကုဆရာဝန်ကြီးများက အခမဲ့ဆေးကုသဆောင်ရွက်ပေးနေမှု၊ သွားတုအံကပ်တပ်ဆင်ပေးနေမှု၊ အခမဲ့မျက်စိကုသဆောင်ရွက်ပေးနေမှုနှင့် မကွေးမြို့ပေါ်နှင့် ဖန်ခါးမြေဘိုးဘွားရိပ်သာမှသက်ကြီးဘိုးဘွားများအား အခမဲ့ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုအားပေးပြီး ဘိုးဘွားများအား အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများပေးအပ်ကြသည်။

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးတွင် သက်ကြီးဘိုးဘွားများအား အခမဲ့ဆေးကုသမှုအဖြစ် သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီးများ၊ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် အထွေထွေရောဂါကုဆရာဝန်ကြီးများဦးဆောင်ကာ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)



# ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် ပထမရက် ၁၀၀ ကာလအတွင်း Quick Win လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ် ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား ဧပြီ ၂၀

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ အများပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ရှေးရှု၍ ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် ပထမရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအား ပြည်သူများအတွက် အကျိုးရှိထိရောက်မည့် Quick Win လုပ်ငန်းများဖြစ်စေရေး ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယနေ့ မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အများပြည်သူတို့၏ အခြေခံလိုအပ်ချက်များကိုရှေးရှုပြီး ပထမရက် ၁၀၀ ကာလအတွင်း Quick Win လုပ်ငန်းများကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်၏လိုအပ်ချက်၊ လုပ်ငန်းဆောင်ရွက်နိုင်မှုအပေါ် မူတည်ပြီး ပြည်သူလူထုအတွက်အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ တင်ပြသည့်လုပ်ငန်းများနှင့် မြေပြင်ဆောင်ရွက်သည့်လုပ်ငန်းများ ကိုက်ညီမှုရှိစေရန်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်သူများလက်ဝယ်အရောက်ရရှိအောင် အားလုံးက ညီညီညွတ်ညွတ်နှင့်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လာမည့်ရက် ၁၀၀ ကာလအတွင်း သက်ဆိုင်ရာဌာနများအလိုက် ပြည်သူများအတွက် အကျိုးရှိထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည့် Quick Win လုပ်ငန်းစီမံကိန်းများကို တင်ပြကြရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက လိုအပ်ချက်များကို ဖြည့်စွက်သုံးသပ်ရှင်းလင်း ဆွေးနွေးကြသည်။

တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ရက် ၁၀၀ ကာလအတွင်း ဌာနများအနေဖြင့် အကောင်အထည်ဖော်ရမည့်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြရေး၊ အထူးသဖြင့် နေရပ်စွန့်ခွာပြည်သူများ အမိုးအကာဖြင့် လုံခြုံစွာနေထိုင်နိုင်ရေး၊ လယ်မြေ၊ မြစ်ချောင်းဧရိယာများတွင် ကျူးကျော်နေထိုင်သူများ ဥပဒေနှင့်အညီရှင်းလင်းဖယ်ရှားရေး၊ နိုင်ငံ့စီးပွားမတည်ငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ အချိန်အဟုန်ဖြင့် လည်ပတ်နိုင်ရေးနှင့် မိမိတို့မြို့/ရွာ သန့်ရှင်းသာယာလှပရေးကို ရပ်ကွက်/ကျေးရွာအဆင့်ထိ ပြည်သူများ ပူးပေါင်းပါဝင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရေးနှင့်ဝန်ကြီးများအလိုက် ဆောင်ရွက်သွားမည့်လုပ်ငန်းများအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးစားကြရန်မှာကြားကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ဒီမိုကရေစီအစိုးရသစ်နဲ့အတူ ရိုးရာမပျက်ခဲ့သောသင်္ကြန်"** ခေါင်းစဉ်ဖြင့် ၂၂-၄-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၉-၄-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"အုပ်ချုပ်ရေးစနစ်ပြောင်းလဲခဲ့ပေမယ့် အဖျက်အမှောင့်နဲ့ အပြစ်မဲ့ပြည်သူကို ခြိမ်းခြောက်သတ်ဖြတ်ရေးအလုပ်တွေကိုသာ အရှိန်မပျက်လုပ်နေဆဲအကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## တောမီးလောင်မှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်မှုမရှိစေရေးအတွက် အောက်ပါတို့ကိုလိုက်နာရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်းမပြုလုပ်ရန်။

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်းလုံးဝမပြုလုပ်ရန်။

(ဂ) ဆေးလိပ်မီးအကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုလုပ်ရန်။

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင်စွန့်ပစ်ရန်။

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

# ကလိန်အောင်မြို့၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့်နာနတ်သီးများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကွက်အတွင်းစတင်ရောင်းချ



ကလိန်အောင် ဧပြီ ၂၀

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့်နာနတ်သီးများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကွက်အတွင်း စတင်ရောင်းချနေကြောင်း ကလိန်အောင်မြို့မှ နာနတ်သီးစိုက်ပျိုးသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

ကလိန်အောင်မြို့၌ ပြီးခဲ့သည့်နှစ် မိုးရာသီက နာနတ်ပင်များ စိုက်ပျိုးခဲ့ပြီး ယခုနှစ် ဧပြီလတွင် အသီးများစတင်ခူးဆွတ်ကာ ဈေးကွက်အတွင်းရောင်းချလျက်ရှိရာ အသီးအရွယ်အစားလိုက် ဈေးနှုန်းအသီးသီးသတ်မှတ်ရောင်းချနေကြောင်း သိရသည်။

"ကလိန်အောင်မြို့မှာ နာနတ်ပင်တွေကို စီးပွားဖြစ်ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးတာတော့မရှိပါဘူး။ မိသားစုတစ်နိုင်တစ်ပိုင်အပိုဝင်ငွေရရှိစေဖို့ ဥယျာဉ်ခြံတွေမှာ ကြားညှပ်ပြီး မြေအောက်ရေအစိုဓာတ်နဲ့စိုက်ပျိုးတာများပါတယ်" ဟု ၎င်းကပြောသည်။

ကလိန်အောင်မြို့မှထွက်ရှိသည့် နာနတ်သီးများကို ထားဝယ်မြို့နှင့် ကံပေါက်ဒေသတို့မှ အဝယ်ဒိုင်များက လာရောက်ဝယ်ယူကြကြောင်း သိရသည်။

ကလိန်အောင်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ဥယျာဉ်ခြံများကို အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြသကဲ့သို့ မိသားစုအပိုဝင်ငွေရရှိရေးအတွက် မြေအောက်ရေဖြင့် တခြားသီးပင်စားပင်များကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

(၄၁၂)

# ထန်းတပင်မြို့နယ်၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေး

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရခိုင်ရိုးကြီးကျေးရွာအုပ်စု ရခိုင်ရိုးကြီးကျေးရွာရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ကျေးရွာနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီလ ၁၉ ရက်က (၄၉ )ကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မဇ္ဈိမပတ္တမြားရတနာမေတ္တာ ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မုဒိတာမေကျန်းမာရေးစောင့်ရှောက်မှု ပရဟိတအသင်း၊ မဇ္ဈိမမေတ္တာ ကုသိုလ်ဖြစ်အခမဲ့ဆေးခန်းမှ ဆေးဝါးကျွမ်းကျင်သင်တန်းသားများ၊ မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အတွင်းရေးမှူး လူငယ်ရေးရာတာဝန်ခံ ဦးရန်လင်းအောင်နှင့် အလုပ်အမှုဆောင်တို့က ကျေးရွာနေပြည်သူ ၅၈ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် လာရောက်ကုသကြသည့် ကျေးရွာနေပြည်သူများအား မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အတွင်းရေးမှူး လူငယ်ရေးရာတာဝန်ခံ ဦးရန်လင်းအောင်နှင့် တာဝန်ရှိသူများက အလှူရှင်များလှူဒါန်းထားသည့် အားဆေးများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

# တိုက်ကြီးမြို့နယ်၌ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ်၌ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးဆိုင်ရာဘေးထွက်ဆိုးကျိုးများကို ကာကွယ်နိုင်ရန်ရည်ရွယ်၍ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဧပြီလ ၂၀ ရက်တွင် အင်းကုလားရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ချစ်ထက်က တောမီး၊ တောင်ယာမီးနှင့် ရိုးပြတ်များ မီးမရှို့ရေး၊ တောမီးလောင်မှုမရှိစေရေးနှင့် မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းမှုအန္တရာယ်လျှော့ချရေး အသိပညာပေးဟောပြောခြင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေး အသိပညာပေးခြင်း၊ 191 Report Software အသုံးပြုနည်းတို့ကို လက်တွေ့ရှင်းလင်းပြသသည်။

အဆိုပါလုပ်ငန်းများကို ဥက္ကံမြို့ အနော်ရထာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် အဖျောက်မြို့ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၌ တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# ကျောက်တံခါးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

ကျောက်တံခါး ဧပြီ ၂၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ကုန်းလည်ရိုးကျေးရွာအုပ်စု ကုန်းလည်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများကို တာဝန်ရှိသူများက ဧပြီ လ ၂၀ ရက်တွင် ထုတ်ချေးပေးသည်။

ရှေးဦးစွာ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုး/ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကုန်းလည်ရိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၁၄၄ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၅၈ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွှန့်(ကျေးလက်)

# ကျောက်ဆည်တက္ကသိုလ်၌ မူလတန်းပြ ဆရာ / ဆရာမများ အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်းဖွင့်လှစ်



စဉ့်ကိုင် ဧပြီ ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ ကျောက်ဆည်တက္ကသိုလ်နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ မူလတန်းပြ ဆရာ/ဆရာမများ အင်္ဂလိပ်စာသင်ကြား/သင်ယူမှုစနစ်ပိုမိုကျွမ်းကျင်ပြီး အရည်အသွေးရှိသောကျောင်းသား၊ ကျောင်းသူများ ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ မူလတန်းပြဆရာ၊ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲကို ဧပြီလ ၂၀ ရက်တွင် အဆိုပါတက္ကသိုလ် ကေရာဇ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ဝေက အဖွင့်အမှာစကားပြောကြားပြီး အင်္ဂလိပ်စာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာချယ်ရီဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာ/ဆရာမများက မူလတန်းပြသင်တန်းသားဆရာ၊ ဆရာမ ၁၀၀ ဦးအား စာတွေ့လက်တွေ့သင်ကြားပို့ချပေးပြီး သင်တန်းကို ဧပြီလ ၂၀ ရက်မှ မေလ ၂၂ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ဝေ၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိမ်းညို့ညို့ကို၊ အင်္ဂလိပ်စာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာချယ်ရီဦး၊ ကျောက်ဆည်ခရိုင် ပညာရေးမှူး ဒေါက်တာဥမ္မာကြည်နှင့် သင်တန်းသား ဆရာ၊ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

# သာယာဝတီခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်စေရေး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းဆောင်ရွက်



သာယာဝတီ ဧပြီ ၂၀

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သာယာဝတီခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်စေရေးကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မင်းလှမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ရောက်ရှိပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို လစဉ်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်ပါအတိုင်း အရှိန်အဟုန်မပြတ် ဆောင်ရွက်သွားရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးမြှင့်တင်သွားရန်နှင့် ရက် ၁၀၀ စီမံချက်များ အောင်မြင်စွာအကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေး အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန်နှင့် ရပ်ရွာဒေသများအလိုက် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသလုံခြုံရေးအား အထူးအလေးထားဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် တက်ရောက်လာသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ပုံမှန်ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဌာနတစ်ခုချင်းအလိုက် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် လက်ပံတန်းမြို့နယ် နဘဲကွင်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးဇေယျာနိုင်၏ ဖရီရှန်အမျိုးအစား နို့စားနွားကောင်ရေ ၃၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သာယာဝတီမြို့နယ် သက်တောရိုးကျေးရွာအုပ်စုရှိ ရေဆင်းပေါ်ဆန်းစပါး တစ်ကွင်းတစ်ဆက်တည်း မျိုးစေ့ထုတ်စံပြစိုက်ခင်းဧက ၁၀၀ ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး တစ်ဧကလျှင် ပျမ်းမျှ ၁၀၄ ဒသမ ၄၅ တင်းနှုန်းထွက်ရှိကာ ရေဆင်းပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း(၂)တို့ကို မြို့နယ်အလိုက် မျိုးစေ့ထုတ်စိုက်ခင်းများ ဆောင်ရွက်ပေးထားပြီးဖြစ်၍ တိုင်းဒေသကြီးအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်စိုက်ပျိုးသွားရန်၊ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် သွင်းအားစုအဖြစ် ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် သဘာဝမြေဩဇာထုတ်လုပ်သုံးစွဲသွားရန်၊ အော်ဂဲနစ်စပါးစိုက်ခင်းဇုန်များတည်ထောင်၍ တန်ဖိုးမြှင့်ပြည်ပပို့ကုန်တစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်သွားရန် မှာကြားသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း ရေဆင်းပေါ်ဆန်းစပါးမျိုးစေ့ထုတ်စိုက်ခင်း စုစုပေါင်း ၅၂၆ ဧကရှိကြောင်း သိရသည်။

(၄၁၀)

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဧပြီ ၂၀

ယနေ့နံနက် ၁၁ နာရီ ၀၇ မိနစ် ၃၆ စက္ကန့်တွင် ကန့်ဘလူ မြေငလျင်စခန်းမှ အနောက်တောင်ဘက် ၆၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မင်းကင်းမြို့၏ တောင်-အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၆၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၁ ဒီဂရီ၊ အနက် ၄၉ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၄-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၇၃၅ | ၄၉၂၀ | ၄၈၆၀ | ၄၇၅၀ | ၄၉၂၀ | ၄၉၃၅ | ၄၉၈၅ | ၄၈၃၀ | ၄၉၈၅ | ၅၁၀၅ | ၄၈၅၅ | ၅၁၀၅ | ၄၉၅၅ | ၄၉၁၀ | ၄၉၁၀ | ၅၁၂၀ |
| 95 Ron | ၄၉၄၅ | ၅၁၃၅ | ၅၀၇၅ | ၄၉၆၅ | ၅၁၃၅ | ၅၁၄၅ | ၅၂၀၀ | ၅၀၄၅ | ၅၂၀၀ | ၅၅၁၅ | ၅၀၆၅ | ၅၃၂၅ | ၅၁၇၀ | ၅၁၂၅ | ၅၁၂၅ | ၅၃၃၅ |
| HSD (500 ppm) | ၆၄၈၅ | ၆၆၆၅ | ၆၆၀၅ | ၆၅၀၀ | ၆၆၆၅ | ၆၆၇၅ | ၆၇၂၅ | ၆၅၈၀ | - | ၇၀၃၀ | ၆၆၀၀ | ၇၄၅၀ | ၆၇၀၀ | ၆၆၅၅ | ၆၆၅၅ | ၆၈၆၀ |
| HSD (50 ppm) | ၇၇၅၅ | ၇၉၄၀ | ၇၈၈၀ | ၇၇၇၀ | ၇၉၄၅ | ၇၉၅၅ | ၈၀၀၅ | ၇၈၅၀ | ၈၀၀၅ | ၈၃၂၅ | ၇၈၇၅ | ၈၁၀၅ | ၇၉၈၀ | ၇၉၃၀ | ၇၉၃၀ | ၈၁၄၅ |
| HSD (10 ppm) | ၇၇၅၅ | ၇၉၄၀ | ၇၈၈၀ | ၇၇၇၀ | ၇၉၄၅ | ၇၉၅၅ | ၈၀၀၅ | ၇၈၅၀ | | ၈၃၂၅ | ၇၈၇၅ | ၈၁၀၅ | ၇၉၈၀ | ၇၉၃၀ | ၇၉၃၀ | ၈၁၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၄၉၂ | ၄၆၁၆ |
| 95 Ron | ၄၆၉၉ | ၄၈၂၇ |
| HSD (500 ppm) | ၆၂၀၉ | ၆၃၆၃ |
| HSD (50 ppm) | ၇၄၁၇ | ၇၅၉၆ |
| HSD (10 ppm) | ၇၄၁၇ | ၇၅၉၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်တွင်းထုတ်ဒီဇယ်ဆီများအား တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် လုပ်ငန်းခွင်အရောက် ဆက်လက်ရောင်းချပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၀

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့နှင့်ပူးပေါင်း၍ တောင်သူများကို စက်သုံးဆီအခက်အခဲ လျော့နည်းသက်သာစေရေးနှင့် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်ရေးအတွက် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့် ဆီထွက်သီးနှံထွန်ယက်စိုက်ပျိုးရန်ကျန်ရှိသော ကျေးရွာများသို့ ပြည်တွင်းထုတ် ဒီဇယ်ဆီတစ်ဂါလန်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် လက်ငင်းငွေချေစနစ်ဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

